## မြန်မာ- အချက် ၁၁ချက်ပါဝင်သော လူ့အခွင့်အရေးအစီအစဉ်

## မြန်မာနိုင်ငံ၏ နောက်တက်လာမည့်အစိုးရသည် လူ့အခွင့်အရေးကို မြှင့်တင်ရမည်

Index: ASA 16/3355/2020
၂၀၂၀ ခုနှစ်၊ နိုဝင်ဘာလ ၂၄ရက်

၂၀၂၀ခုနှစ် နိုဝင်ဘာလတွင်ကျင်းပခဲ့သော အထွေထွေရွေးကောက်ပွဲအပြီး မြန်မာအစိုးရအသစ် တက်ရန်ပြင်ဆင်နေချိန်တွင် နိုင်ငံတွင်းရှိ အရေးပေါ်လူ့အခွင့်အရေးအခြေအနေများကို အာရုံစိုက်ကြရန် အထူးလိုအပ်နေပါသည်။ နောက်တက်လာမည့်အစိုးရသည်လက်ရှိလမ်းကြောင်းကို ပြောင်းလဲ၍ လူ့အခွင့်အရေးကို မြှင့်တင်ရမည်ဖြစ်သည်။

ပဋိပက္ခများဖြစ်ပွားနေသော ဒေသများတွင်သာမက လူမှုအသိုင်းအဝိုင်းအတွင်းမှာလည်း လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် နိုင်ငံတကာ ဥပဒေအရ ရာဇဝတ်မှုမြောက်သော ကျူးလွန်မှုများကို အမျိုးမျိုးသောလူများက နိုင်ငံ အနှံ့အပြားတွင် ပိုမိုပြုလုပ်နေသည်ကို တွေ့ရသည်။ တက်ကြွလှုပ်ရှားသူများကို စိတ်ထင်သလို ဖမ်းဆီးခြင်း၊ တရားစွဲဆိုခြင်း၊ ထောင်ဒဏ်ချမှတ်ခြင်းတို့အပြင် လူနည်းစုများအပေါ် တရားဝင်ခွင့်ပြုချက်ဖြင့် ခွဲခြားဆက်ဆံခြင်းမျိုးအထိ ပြုပြင်ပြောင်းလဲစရာများ အရေးတကြီး လိုအပ်နေပါသည်။

မြန်မာနိုင်ငံ၏ ခေတ်သစ်သမိုင်းတွင် ပြီးခဲ့သည့် နှစ်ကာလအပိုင်းသည် အမှောင်လွှမ်းသော စာမျက်နှာများဖြစ်ခဲ့သည်။ ရခိုင်ပြည်နယ်တွင် ၂၀၁၆ နှင့် ၂၀၁၇ ခုနှစ်များက စစ်တပ်မှ ပြုလုပ်ခဲ့သော မြေလှန်မီးတိုက်စစ်ဆင်ရေးများကြောင့် သိန်းချီသော ရိုဟင်ဂျာများ မိမိတို့၏ နေအိမ်များမှ ထွက်ပြေးပြီးနယ်စပ်ဖြတ်ကျော်ကာ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ခိုလှုံခဲ့ကြသည်။ ယင်းကာလအတွင်း သတ်ဖြတ်ခံခဲ့ရသော ရိုဟင်ဂျာအရေအတွက်ကို အတိအကျမသိနိုင်ပါ၊ ၂၀၂၀ ခုနှစ်အထိလည်းမြန်မာအစိုးရက လွတ်လပ်သောစုံစမ်းစစ်ဆေးသူများ ယင်းဒေသသို့ သွားရောက်ခွင့်ကို ဆက်လက်၍ စနစ်တကျ ပိတ်ပင်နေဆဲဖြစ်ပါသည်။

၂၀၂၀ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က ရခိုင်နှင့် ချင်းပြည်နယ်အတွင်းရှိ စစ်ရေးပဋိပက္ခဖြစ်ပွားနေသော ဒေသများတွင် မြန်မာစစ်တပ်က ကျူးလွန်ခဲ့သော လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် နိုင်ငံတကာဥပဒေအရ ရာဇဝတ်မှုမြောက်သော ကျူးလွန်မှုများ၊ ဥပဒေနှင့်မညီသော တိုက်ခိုက်မှုများ၊ အရပ်သားများကို သေကြေဒဏ်ရာရစေခြင်းများ၊ စိတ်ထင်သလို ဖမ်းဆီးမှုများ၊ ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် အခြားသော ဖိနှိပ်ရက်စက်သည့်ပြုမူမှုများ၊ အစဖျောက်ခြင်းများ၊

ဥပဒေလက်လွတ် ကွပ်မျက်စီရင်မှုများနှင့် အဓမ္မလုပ်အားပေးခိုင်းစေခြင်းများ အပါအဝင် စစ်ရာဇဝတ်မှုများကို လည်းကျူးလွန်ခဲ့ကြသည်။ ရခိုင်ပြည်နယ်တွင် ရိုဟင်ဂျာများမှာ လူမျိုးခွဲခြားဆက်ဆံခံရခြင်းမျိုးအဖြစ် သီးခြားကန့်သတ်နေစေကာ စနစ်တကျ ခွဲခြား ဆက်ဆံခံရသည်။ ယင်းလုပ်ရပ်မှာ နိုင်ငံတကာ ဥပဒေအရ လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့်ပြစ်မှုကြီးဖြစ်သည်။ ပဋိပက္ခများဖြစ်ပွားနေသော ကချင်နှင့် ရှမ်းပြည်မြောက်ပိုင်းဒေသများတွင်လည်း လူ့အခွင့်ချိုးဖောက်မှုနှင့် အခြားမတရားမှုများ ဆက်လက်ဖြစ်ပွားနေသည်။

ရာဇဝတ်မှုများကို အစိုးရထိန်းချုပ်သော ဒေသများနှင့် အုပ်ချုပ်ရေးအပိုင်း အငြင်းပွားနေသော ဒေသများတွင် မြန်မာလုံခြုံရေးတပ်များကရော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကပါ ကျူးလွန်ခဲ့ကြသည်။ အရပ်ဖက်အဖွဲ့အစည်းများ၊ လူသားချင်းစာနာကူညီမှု လုပ်ဆောင်နေသူများနှင့် မီဒီယာသမားများမှာ ၎င်းတို့၏ လုပ်ငန်းများလုပ်ကိုင်နေစဉ်အတွင်း ခြိမ်းခြောက်မှုများရင်ဆိုင်ရပြီး ဖမ်းဆီး အကြမ်းဖက်ခံရနိုင်သည့် အန္တရာယ်နှင့်လည်း ရင်ဆိုင်နေကြရသည်။

လွှတ်တော်ကိုယ်စားလှယ်များအားလုံးသည် လူတိုင်းအတွက် လူ့အခွင့်အရေးများကို လေးစား၊ ကာကွယ်စောင့်ရှောက်ပြီး မြှင့်တင်ပါမည်ဟု လူသိရှင်ကြား ကတိပြုပါရန် အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က တိုက်တွန်းပါသည်။ နောက်တက်လာမည့်အစိုးရသည် မြန်မာနိုင်ငံ၏ နိုင်ငံတကာလူ့အခွင့်အရေးတာဝန်ရှိမှုများကို ဖြည့်ဆည်းပေးပြီး တိုးမြှင့်ဆောင်ရွက်ရန်၊ လွတ်လပ်မှု၊ ဂုဏ်သိက္ခာရှိမှုနှင့် အားလုံးပါဝင်ခွင့်ရရှိမှုဆိုသော အခြေခံမှုများအပေါ် တည်ဆောက်ထားသော နိုင်ငံလုံးဆိုင်ရာလုပ်ငန်းစဉ်ကို မြှင့်တင်ရန် လူသိရှင်ကြား ကတိပြုသင့်ပါသည်။ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့အနေနှင့် လောလောလတ်လတ် ရွေးကောက်တင်မြှောက်ခံထားရသော လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို အနည်းဆုံးအားဖြင့် အောက်ပါ ကဏ္ဍများတွင် တိုးတက်အောင်လုပ်ပါမည်ဟု ကတိကဝတ်ပြုစေလိုပါသည်။

၁။ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ ဖွဲ့စည်းခွင့်နှင့် ငြိမ်းချမ်းစွာစုဝေးခွင့် အခွင့်အရေးများကို လေးစား မြှင့်တင်ရန်
၂။ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများအား အကာအကွယ်ပေးရန်
၃။ သတင်းအချက်အလက်ရပိုင်ခွင့်ကို အာမခံပေးရန်
၄။ အမျိုးသမီးအခွင့်အရေးနှင့် ကျားမတန်းတူရှိမှုကို မြှင့်တင်ရန်၊ ဥပဒေပြုရေးတွင် နစ်နာသူများ၏ အခွင့်အရေးကို ဗဟိုပြုသော ချဉ်းကပ်ပုံမျိုးဖြင့် ဆောင်ရွက်ရန်
၅။ လိင်စိတ်ကွဲပြားသူများ၏ အခွင့်အရေးကို အကာအကွယ်ပေးပြီး ၎င်းတို့အား တန်းတူညီမျှ အခွင့်အရေးရစေရေးအတွက် မြှင့်တင်ဆောင်ရွက်ရန်

၆။ စစ်ရေးပဋိပက္ခဖြစ်ပွားနေသော နေရာများတွင် အရပ်သားများအား အကာအကွယ်ပေးပြီး စိုးရိမ်စရာအခြေအနေရှိနေသူများထံ လူသားချင်းစာနာသော အကူအညီများ အဆီးအတားမရှိ စဉ်ဆက်မပြတ်ရနေနိုင်ရေး အာမခံပေးရန်
၇။ လူနည်းစု လူမျိုးစုဒေသများတွင် ဖြစ်ပွားခဲ့သော နိုင်ငံတကာဥပဒေအရ ရာဇဝတ်မှုမြောက်သည့် ကျူးလွန်မှုများအတွက် တရားမျှတမှု၊ အမှန်တရား၊ တာဝန်ခံမှုနှင့် ပြန်လည်ကုစားပေးလျော်ခြင်းများ ရရှိစေရေး ဆောင်ရွက်ပေးရန်
၈။ တိုင်းရင်းသားလူနည်းစုများအပေါ် ပိုမိုလွန်ကျူးစွာ ထိခိုက်နိုင်သော ခွဲခြားသည့် ဥပဒေများကို ဖျက်သိမ်းရန်
၉။ ကလေးသူငယ်များကို အကာအကွယ်ပေးပြီး ၎င်းတို့၏ အခွင့်အရေးများကို မြှင့်တင်ရန်
၁၀။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာအခွင့်အရေးကို မြှင့်တင်ပြီး ရာသီဥတုပြောင်းလဲမှုကို လူ့အခွင့်အရေးကိစ္စရပ်အဖြစ် သတ်မှတ်ဆောင်ရွက်ရန်
၁၁။ သေဒဏ် စီရင်ချက်ကို ပယ်ဖျက်ရန်

## ၁။ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ ဖွဲ့စည်းခွင့်နှင့် ငြိမ်းချမ်းစွာစုဝေးခွင့် အခွင့်အရေးများကို လေးစား မြှင့်တင်ရန်

မြန်မာအာဏာပိုင်များသည် ဖိနှိပ်ချုပ်ချယ်သော ဥပဒေအမျိုးမျိုးကို အသုံးပြု၍ မိမိတို့၏ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ ဖွဲ့စည်းခွင့်၊ ငြိမ်းချမ်းစွာ စုဝေးခွင့် အခွင့်အရေးများကို အသုံးပြုသူများအား ဖမ်းဆီးခြင်း၊ တရားစွဲဆို ထောင်ဒဏ်ချမှတ်ခြင်းများ ဆက်လက်ပြုလုပ်နေဆဲ ဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က ၂၀၂၀ ခုနှစ်အတွင်းထုတ်ဝေခဲ့သော "အရှုံးပေးမည် မဟုတ်" - မြန်မာနိုင်ငံတွင်လူ့အခွင့်အရေးကာကွယ်သူများနှင့် တက်ကြွလှုပ်ရှားသူများကို ရာဇဝတ်မှုဖြင့် စွဲဆိုနေခြင်း အစီရင်ခံစာတွင် လူပေါင်း ၅၈ဦးအား စိတ်ထင်သလို နိုင်ငံရေးရည်ရွယ်ချက်ဖြင့် ဖမ်းဆီးပြီး တရားစွဲဆိုအရေးယူ ထောင်ဒဏ်ချခဲ့သည့် မကြာသေးခင်က ဖြစ်ပျက်ခဲ့သော အမှု ၁၆ မှုကို မီးမောင်းထိုးပြထားသည်။ ယင်းအမှုများနှင့် အခြားသောအမှုများက တက်ကြွလှုပ်ရှားသူများ၊ ကျောင်းသားများ၊ သတင်းမီဒီယာ သမားများ၊ အလုပ်သမားသမဂ္ဂအဖွဲ့ဝင်များ၊ သရော်စာရေးသားတင်ဆက်သူများနှင့် အစိုးရကို ဝေဖန်သူများကို အပြစ်ဒဏ်ပေးမှုများ တိုးပွားလာနေသည့်အချက်ကို ထောက်ပြနေသည်။ မကြာခဏဆိုသလိုပင် တရားမမျှတမှုကို ထုတ်ဖော်ထောက်ပြသူများ၊ အခြားသူများ၏ အခွင့်အရေးများအတွက် လှုံ့ဆော်တောင်းဆိုသူများမှာ တရားစွဲဆိုခံရတတ်သည်။

အသရေဖျက်မှုကို ရာဇဝတ်မှုအဖြစ် ၂၀၁၃ ခုနှစ် ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၆ (ဃ) ဖြင့် တရားစွဲဆိုမှုများ

တိုးပွားလာနေသလို အာဏာပိုင်များသည် မြန်မာနိုင်ငံ ကိုလိုနီကာလကတည်းက အသုံးပြုခဲ့သော ရာဇဝတ်ကျင့်ထုံးဥပဒေကဲ့သို့သော ဥပဒေများဖြင့် ယခင်ကဖိနှိပ်နည်း နည်းဟောင်းများကိုလည်း ဆက်လက်အသုံးပြုနေခဲ့သည်။ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၅၀၅ (က) နှင့် ၅၀၅ (ခ) တို့မှာ ကျယ်ပြန့်ပြီး မတိကျသော စကားလုံးများ ပါဝင်သည့်အတွက် စစ်အုပ်ချုပ်ရေးကာလက လူထု၏ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် ငြိမ်းချမ်းစွာ စုဝေးခွင့်များကို ကန့်သတ်ရန် အာဏာပိုင်များက တွင်တွင်ကျယ်ကျယ်ကြီးသုံးခဲ့သော ပုဒ်မများဖြစ်သည်။

ထင်ရှားသော အမှုတစ်ခုမှာ ဒေါင်းတို့မျိုးဆက်အမည်ရှိ သံချပ်အဖွဲ့ရင်ဆိုင်ခဲ့ရသော အမှုဖြစ်သည်။ သံချပ်အဖွဲ့ဝင်အတော်များများမှာ ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆ (ဃ) အရရော ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၅၀၅ (က) အရပါ စွဲဆိုချက်များနှင့် ရင်ဆိုင်ခဲ့ရသည်။ ၂၀၁၉ ခုနှစ်နှင့် ၂၀၂၀ခုနှစ်တွင် တွင် သံချပ်အဖွဲ့ဝင် ခြောက်ဦးမှာ ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆ (ဃ) အရရော ရာဇဝတ်ကျင့်ထုံးဥပဒေ  ပုဒ်မ ၅၀၅ (က) အရပါ ပြစ်မှုထင်ရှားကြောင်းစီရင်ခံရပြီး ထောင်ဒဏ်နှစ်နှစ်မှ ခြောက်နှစ်ကြား ချမှတ်ခံခဲ့ရသည်။

လွတ်လပ်စွာဖွဲ့စည်းခွင့် အခွင့်အရေးမှာလည်း အလားတူ တိုက်ခိုက်မှုခံနေရပါသည်။ ၁၉၀၈ မတရားအသင်းဥပဒေမှာ မူလက ဗြိတိသျှကိုလိုနီအုပ်ချုပ်ရေးကို ဆန့်ကျင်မှုများအား နှိမ်နင်းရန်ရေးဆွဲခဲ့ခြင်းဖြစ်သော်လည်း ယခုအထိဆက်လက်၍ တက်ကြွလှုပ်ရှားသူများနှင့် သတင်းသမားများ၊ အထူးသဖြင့် လူနည်းစု တိုင်းရင်းသားများနှင့် လူနည်းစု ဘာသာဝင်များကို ပစ်မှတ်ထား၊ နှောက်ယှက်၊ ခြိမ်းခြောက် အပြစ်ပေးရန် သုံးစွဲနေခဲ့သည်။

အာဏာပိုင်များသည် ၂၀၁၉ ခုနှစ်တွင် ဖွံ့ဖြိုးတိုးတက်ရေးမီဒီယာအဖွဲ့ (DMG) ၏ သတင်းအယ်ဒီတာ အောင်မာန်ဦးကို မတရားအသင်းဥပဒေကို ချိုးဖောက်မှုဖြင့် စွပ်စွဲခဲ့သည်။ ယင်း ဒေသခံသတင်းမီဒီယာမှာ မြန်မာစစ်တပ်၏ ချိုးဖောက်မှုများအပါအဝင် ရခိုင်ပြည်နယ်အတွင်းရှိ စစ်ရေးပဋိပက္ခများအကြောင်း သတင်းများကို ကျယ်ပြန့်စွာ ရယူဖော်ပြနေသော သတင်းဌာနတစ်ခုဖြစ်သည်။ အောင်မာန်ဦးသည် မတရားအသင်းဥပဒေ ပုဒ်မ ၁၇ (၂) အရ ထောင်ဒဏ် ငါးနှစ်အထိ ကျခံရနိုင်သော စွဲချက်များကို ရင်ဆိုင်နေရသည်။ ၄င်းသည် ယခုလက်ရှိ ထွက်ပြေးတိမ်းရှောင်လျက်ရှိသည်။ ယင်းအမှုနှင့် အခြားသောအမှုများမှာ လွတ်လပ်သောသတင်းမီဒီယာနှင့် အရပ်ဖက်လူ့အဖွဲ့အစည်းတို့အပေါ် စိုးရိမ်စရာ သက်ရောက်မှုများ ဖြစ်စေခဲ့ပါသည်။

ငြိမ်းချမ်းစွာဆန္ဒထုတ်ဖော်ပွဲများ သို့မဟုတ် စီတန်းလှည့်လည်ပွဲကဲ့သို့ လူထုစုဝေးပွဲများသည် မကျင်းပမီ ရဲတပ်ဖွဲ့ထံသို့ အသိပေးအကြောင်းကြားရန် လိုအပ်ပါသည်။ ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့်

စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေအရ ယင်းသို့ တင်းကျပ်သည့် ဗျူရိုကရေစီအဟန့်အတားကို လိုက်နာရန် ပျက်ကွက်ပါက ထောင်ဒဏ်အပါအဝင် ပြစ်မှုပြစ်ဒဏ် ချမှတ်ခံရနိုင်ပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရေးအတွက် အာဏာပိုင်များက ချမှတ်လုပ်ကိုင်သော လုပ်ငန်းစဉ်များမှာ လူထုဘဝကို ထိခိုက်မှုရှိသည်မှာ မှန်ပါသည်၊ အခြားတစ်ဘက်တွင်လည်း ယင်းလုပ်ရပ်များသည် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် အပါအဝင် နိုင်ငံအတွင်း လူ့အခွင့်အရေးများအတွက် နေရာကိုလည်း ကျုံ့သွားစေပါသည်။ ဗိုင်းရပ်စ်ကို ထိန်းချုပ်ခြင်းကို လူ့အခွင့်အရေးများကို နောက်ထပ်ကန့်သတ်ရန်အတွက် အကြောင်းပြချက်အဖြစ် အသုံးမပြုသင့်ပါ။ လူထုစုဝေးပွဲများကို ကန့်သတ်တားမြစ်ခြင်းသည် သင့်တော်သလောက်သာ ဖြစ်သင့်ပြီး မဖြစ်မနေလိုအပ်သည့် နေရာတွင်သာ ပြုလုပ်သင့်ပါသည်။

## အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့အနေနှင့် နောက်တက်လာမည့်အစိုးရကို တိုက်တွန်းလိုသော အချက်များ -

- မိမိတို့၏ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ဖွဲ့စည်းလှုပ်ရှားခွင့်များကို ကျင့်သုံးရုံဖြင့် ထင်သလိုဖမ်းဆီး တရားစွဲဆိုခံနေရသူများအကြောင်းကို အလေးထားထုတ်ဖော်ပြီး ယင်းကဲ့သို့ ပြစ်ဒဏ်ချမှတ်ကာ ထောင်ဒဏ်ကျခံနေရသူများအား ခြွင်းချက်မရှိ ချက်ချင်းပြန်လွှတ်ပေးဖို့ တောင်းဆိုရန်
- လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများ၊ တက်ကြွလှုပ်ရှားသူများ၊ မီဒီယာသမားများကို နှိပ်ကွပ်ရာတွင် မကြာခဏသုံးစွဲလေ့ရှိသော ဆက်သွယ်ရေး ဥပဒေပုဒ်မ ၆၆ (ဃ)၊ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၅၀၅ (က)၊ ၅၀၅ (ခ)၊ ၁၂၄ (က)၊ ၂၉၅ (က) အပါအဝင် ဥပဒေများကို ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်းပြုလုပ်ပြီး နိုင်ငံတကာစံနှုန်းများနှင့် အညီဖြစ်အောင် ပြုလုပ်ရန်
- သတင်းသမားများနှင့် တက်ကြွလှုပ်ရှားသူများကို ဟန့်တားနှောက်ယှက် ခြိမ်းခြောက်ပြီး ၎င်းတို့ အသံတိတ်သွားစေရန် မတရားအသင်းဥပဒေကို အသုံးပြုနေခြင်းအား ရပ်ဆိုင်းရန်
- လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ ဖွဲ့စည်းလှုပ်ရှားခွင့်နှင့် ငြိမ်းချမ်းစွာစုဝေးခွင့်များကို ချိုးဖောက်သော ပြဋ္ဌာန်းချက်များ ပါဝင်နေသည့် ဥပဒေအားလုံးကို ပယ်ဖျက်ခြင်း၊ ပြန်လည်သုံးသပ်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်းများ ပြုလုပ်၍ ယင်းတို့နှင့် အခြားဥပဒေများအားလုံးသည် နိုင်ငံတကာ လူ့အခွင့်အရေး စံနှုန်းများနှင့် ညီညွတ်မှုရှိစေရေး လုပ်ဆောင်ရန်၊ ယင်းဥပဒေများကို နိုင်ငံတကာ စံချိန် စံနှုန်းများနှင့် ညီညွတ်မှုရှိအောင် မပြုပြင်ရသေးချိန်တွင် လူ့အခွင့်အရေးကာကွယ်သူများ၊ တက်ကြွလှုပ်ရှားသူများနှင့် အခြားသော မိမိတို့၏ လူ့အခွင့်အရေးများကို ရယူကျင့်သုံးသူများအား ယင်းဥပဒေများကို အသုံးပြု၍ နှောက်ယှက်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ ဖမ်းဆီး တရားစွဲဆိုခြင်း၊ ထောင်ချခြင်းများ မပြုလုပ်ရန်

- လူ့အခွင့်အရေးကို ထိခိုက်နိုင်သော ဥပဒေများကို ပြုစု၊ သုံးသပ်၊ ပြင်ဆင်ရာတွင် အရပ်ဘက်အဖွဲ့အစည်းများ အပြည့်အဝပါဝင်နိုင်ဖို့ ဆောင်ရွက်ရန်
- လူမျိုးရေးခွဲခြားမှု ပုံစံအားလုံးကို ပပျောက်စေရေး ကုလသမဂ္ဂပဋိညာဉ်စာချုပ်အပါအဝင် အခြေခံကျသည့် နိုင်ငံတကာလူ့အခွင့်အရေးစာချုပ်များနှင့် ယင်းတို့၏ နောက်ဆက်တွဲ သဘောတူညီချက်များကို အချိန်ဆွဲခြင်း၊ သီးခြားကန့်သတ်ချက်များဖြင့် လက်ခံခြင်းများမပြုလုပ်ပဲ လိုက်နာကျင့်သုံးရန်နှင့်၊ ယင်းစာချုပ်များပါ ပြဋ္ဌာန်းချက်များကို ပြည်တွင်းဥပဒေတွင် ထည့်သွင်းပြီး ဥပဒေကြောင်းအရ၊ မူဝါဒအရ၊ လက်တွေ့ကျင့်သုံးမှုအရ အပြည့်အဝ အကောင်အထည်ဖော်ရန်
- ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူညီချက် (ICCPR) ကို သီးခြားကန့်သတ်ချက်များမထားရှိပဲ လက်ခံအတည်ပြုရန်နှင့် လူ့အခွင့်အရေးကော်မီတီ၏ စွမ်းဆောင်နိုင်စွမ်းကို အသိအမှတ်ပြုရန်
- နှိပ်စက်ညှဉ်းပန်းခြင်းနှင့် အခြားသော ရက်စက်ပြီး လူမဆန်သည့်၊ လူ့ဂုဏ်သိက္ခာကို ကျဆင်းစေသည့် ပြုမူဆက်ဆံပုံများကို တားမြစ်သည့် ကုလသမဂ္ဂသဘောတူစာချုပ်ကို အတည်ပြုရန်

## ၂။ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများအား အကာအကွယ်ပေးရန်

မြန်မာနိုင်ငံသည် တက်ကြွလှုပ်ရှားမှုများနှင့် ပတ်သက်၍ သမိုင်းကြောင်းရှည်ကြာရှိခဲ့ပြီး လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများနှင့် တက်ကြွလှုပ်ရှားသူများအရေးသည် နောက်တက်လာမည့်အစိုးရအတွက် အဓိက အာရုံစိုက်စရာတစ်ခု ဖြစ်သင့်ပါသည်။

သို့ရာတွင် အာဏာပိုင်များသည် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများနှင့် တက်ကြွလှုပ်ရှားသူများအား ဆက်လက်ပစ်မှတ်ထားနေပြီး ၄င်းတို့အား စောင့်ကြည့်ခြင်း၊ အနှောက်အယှက်ပေးခြင်း၊ စိတ်ထင်သလို ဖမ်းဆီးချုပ်နှောင်မှုများ ပြုလုပ်နေသည်။ ယင်း အခွင့်အရေးကာကွယ်စောင့်ရှောက်သူများနှင့် တက်ကြွလှုပ်ရှားသူများထဲတွင် အမျိုးသမီးနှင့် LGBTI လိင်စိတ်ကွဲပြားသူများ၏ အခွင့်အရေး၊ သဘာဝပတ်ဝန်းကျင်အခွင့်အရေး၊ ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးနှင့် အလုပ်သမားအခွင့်အရေးများ တိုးတက်ကောင်းမွန်လာစေရေး ဆောင်ရွက်နေသူများပါဝင်သည်။

အခြေခံဥပဒေပြုပြင်ပြောင်းလဲရေး တောင်းဆိုချက်များမှာ မြန်မာစစ်တပ်နှင့် အစိုးရအတွက် အလွန်အမင်း အထိမခံနိုင်သော အကြောင်းအရာ ဖြစ်နေပါသေးသည်။ ၂၀၁၉ ဧပြီလက လူ့အခွင့်အရေးရှေ့နေ ဦးကြီးမြင့်သည် မြန်မာနိုင်ငံ အရှေ့တောင်ပိုင်း တနင်္သာရီဒေသကြီးရှိ ကော့သောင်းမြို့တွင်ကျင်းပသော လူထုစုဝေးပွဲတစ်ခုသို့

တက်ရောက်ခဲ့သည်။ ယင်းစုဝေးပွဲတွင် ၄င်းက မြန်မာပြည်သူလူထုကို ကာကွယ်ရန်နှင့် စစ်တပ်မှအာဏာသိမ်းမှုကို ဟန့်တားနိုင်ရန်အတွက် အခြေခံဥပဒေကို ပြင်ဆင်ရန် တောင်းဆိုခဲ့သည်။ သူ့ကို ရာဇသတ်ကြီး ဥပဒေပုဒ်မ ၅၀၅ (က) "ကြည်း၊ ရေ၊ လေ တပ်ရင်းတပ်ဖွဲ့များမှ အရာရှိနှင့် စစ်သည်တစ်ဦးဦးတို့အား ပုန်ကန်ခြင်း၊ တာဝန်ဝတ္တရားထမ်းဆောင်မှုကို ပျက်ကွက်စေခြင်းများ ဖြစ်စေရန်၊ ရည်ရွယ်ချက်နှင့် ဖြစ်စေ၊ ဖြစ်စေနိုင်သည့် အကြောင်းချင်းရာရှိသော" ထုတ်ပြန်ချက်များ၊ သတင်းများကို ဖြန့်ဝေခြင်းမပြုရန်တားမြစ်ထားသော ပုဒ်မဖြင့် တရားစွဲဆိုခဲ့သည်။

အလုပ်သမားအခွင့်အရေးများ တိုးမြှင့်ရရှိရန် ရည်ရွယ်ပြီး စည်းရုံးလှုပ်ရှားမှုများပြုလုပ်ရန် ကြိုးစားသော လှုပ်ရှားတက်ကြွသူများသည်လည်း အန္တရာယ်နှင့် ရင်ဆိုင်ရနိုင်သည်။ ၂၀၁၉ စက်တင်ဘာလက ရေဝတီတိုင်းဒေသကြီး ပုသိမ်စက်မှုဇုန်ရှိ အထည်စက်ရုံတစ်ခုရှေ့တွင် ငြိမ်းချမ်းစွာဆန္ဒပြမှုတစ်ခုနှင့် ပတ်သက်ပြီး အလုပ်သမားအခွင့်အရေး လှုပ်ရှားသူ မခခနှင့် အလုပ်သမား ခုနစ်ဦးတို့သည် ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဥပဒေ ပုဒ်မ ၁၉ နှင့် တရားစွဲဆိုခံခဲ့ရသည်။ ယင်းသို့ ငြိမ်းချမ်းစွာ လှုပ်ရှားမှုကြောင့် ၎င်းတို့သည် ထောင်ဒဏ် သုံးလအထိ ချမှတ်ခံရမည့် အရေးနှင့် ရင်ဆိုင်ခဲ့ရပါသည်။ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများသည် ၎င်းတို့၏ အရေးပါသော လုပ်ငန်းများ လုပ်ကိုင်မှုကြောင့် ဥပဒေနှင့် ထိပ်တိုက်ရင်ဆိုင်တိုးရနိုင်သော အခြေအနေကို ရင်ဆိုင်ရသည်သာမက မိသားစုဝင်များနှင့် လုပ်ဖော်ကိုင်ဖက်များမှာလည်း စောင့်ကြည့်ခံရခြင်း၊ အနှောက်အယှက်ပေး ခံရခြင်း၊ ခြိမ်းခြောက်ခံရခြင်းတို့နှင့် ရံဖန်ရံခါ ရင်ဆိုင်ကြရသည်။

မြန်မာအစိုးရနှင့် တပ်မတော်သည်လည်းကောင်း၊ တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များသည်လည်းကောင်း လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများ၊ တက်ကြွလှုပ်ရှားသူများနှင့် ဝေဖန်ထောက်ပြသူများကို နှိပ်စက် အရေးယူခြင်းမျိုး ရှောင်ကျဉ်သင့်ပါသည်။

**အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့အနေနှင့် နောက်တက်လာမည့်အစိုးရကို တိုက်တွန်းလိုသော အချက်များ -**

- လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများနှင့်တက်ကြွလှုပ်ရှားသူများ၏အရေးကြီးသောအခန်းကဏ္ဍ ကို အသိအမှတ်ပြုရန်နှင့် ထင်သလိုနှင့် နိုင်ငံရေးအရရည်ရွယ်ချက်ဖြင့် ဖမ်းဆီးခြင်း၊ ထိန်းသိမ်းခြင်း၊ တရားစွဲဆိုခြင်းနှင့်ထောင်ချခြင်းတို့အား ဆန့်ကျင်ကြောင်းကြေငြာပြီး လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများ၊ တက်ကြွလှုပ်ရှားသူများနှင့် ဝေဖန်ထောက်ပြသူများကို ပစ်မှတ်ထားသည့် ဥပဒေများကို ပြင်ဆင်မည့်အကြောင်း လူသိရှင်ကြား ကတိကဝတ်ပြုရန်

- မိမိတို့၏လူ့အခွင့်အရေးကိုငြိမ်းချမ်းစွာကျင့်သုံးရုံဖြင့် ထိန်းသိမ်းခံ သို့မဟုတ် ထောင်ချခံထား ရသူများအား ခြွင်းချက်မရှိ ချက်ချင်း ပြန်လွှတ်ပေးရန်နှင့် ထိုအခွင့်အရေးများကို ငြိမ်းချမ်းစွာကျင့်သုံးခြင်းကြောင့် ထောင်ချခံရနိုင်သူများအပေါ် တင်ထားသည့် စွဲချက်အားလုံးကို ပယ်ဖျက်ပစ်ရန်
- မိမိတို့၏လူ့အခွင့်အရေးကိုငြိမ်းချမ်းစွာကျင့်သုံးရုံဖြင့် ပြစ်ဒဏ်ချခံခဲ့ရသည့် သူများ အားလုံး၏ ပြစ်မှုဆိုင်ရာမှတ်တမ်းများကို ပယ်ဖျက်ပေးရန်
- လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများ၊ တက်ကြွလှုပ်ရှားသူများနှင့်အခြားသူများသည် မိမိတို့၏လူ့အခွင့်အရေးကိုငြိမ်းချမ်းစွာကျင့်သုံးရုံမျှဖြင့် ဖိနှိပ်ခံရခြင်း၊ ခြိမ်းခြောက်ခံရခြင်း၊ ခွဲခြားဆက်ဆံခံရခြင်းနှင့် ဖိနှိပ်ချုပ်ခြယ်သောဥပဒေများအသုံးပြုပြီး ရာဇဝတ်ကြောင်းအရ စွဲဆိုခံနိုင်သည်ဟူသော ခြိမ်းခြောက်မှုမှ ကင်းဝေးစေရန်။ ၎င်းတို့၏အရေးကြီးသောလုပ်ငန်းများကို လုံခြုံသောပတ်ဝန်းကျင်တွင်နှင့် မည်သည့်လက်စားချေခံရမှုမှမရှိဘဲ လုပ်ဆောင်နိုင်စေရန်
- လုံခြုံရေးတပ်ဖွဲ့များအနေဖြင့် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများ၊ တက်ကြွလှုပ်ရှားသူများနှင့် အခြားသူများအား ၎င်းတို့၏လူ့အခွင့်အရေးများကိုအသုံးချခြင်းမှ ပိတ်ပင်တားဆီးခြင်း သို့မဟုတ် ဟန့်တားခြင်း မရှိစေရန်
- လူ့အခွင့်အရေးချိုးဖောက်မှုများအတွက်ပြန်လည်ကုစားပေးလျော်ခြင်းဆိုင်ရာ အလေ့အထများ၊ မူဝါဒများနှင့် ဥပဒေများကို နိုင်ငံတကာလူ့အခွင့်အရေးစံများနှင့်အညီ ပြဋ္ဌာန်းရန်
- လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ အသင်းအဖွဲ့ဖွဲ့စည်းခွင့်နှင့်ငြိမ်းချမ်းစွာစုဝေးခွင့် အခွင့်အရေးများကို ချိုးဖောက်သော ပြဋ္ဌာန်းချက်များ ပါရှိသည့် ဥပဒေများအားလုံးကို ပယ်ဖျက်ရန်၊ ပြန်လည်သုံးသပ်ရန် သို့မဟုတ် ပြင်ဆင်ရန်နှင့် ၎င်းတို့အား နိုင်ငံတကာလူ့အခွင့်အရေး စံချိန်စံညွှန်းများနှင့် ကိုက်ညီမှုရှိစေအောင် ပြုလုပ်ရန်
- ယင်းဥပဒေများကို နိုင်ငံတကာ စံချိန် စံနှုန်းများနှင့် ညီညွတ်မှုရှိအောင် မပြုပြင်ရသေးချိန်တွင် လူ့အခွင့်အရေးကာကွယ်သူများ၊ တက်ကြွလှုပ်ရှားသူများနှင့် အခြားသော မိမိတို့၏ လူ့အခွင့်အရေးများကို ရယူကျင့်သုံးသူများအား ယင်းဥပဒေများကို အသုံးပြု၍ နှောက်ယှက်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ ဖမ်းဆီး တရားစွဲဆိုခြင်း၊ ထောင်ချခြင်းများ မပြုလုပ်ရန်

## ၃။ သတင်းအချက်အလက်ရပိုင်ခွင့်ကို အာမခံပေးရန်

မြန်မာနိုင်ငံတွင် ပုံနှိပ်ထုတ်ဝေခြင်းမပြုမီ စိစစ်တည်းဖြတ်သောစနစ်ကို ဖျက်သိမ်းခဲ့သည်မှာ ရှစ်နှစ်ကျော် ကြာခဲ့ပြီဖြစ်သော်လည်း အစိုးရက လူထု၏ သတင်းအချက်အလက်ရယူပိုင်ခွင့်အပေါ် ကျယ်ပြန့်စွာ ထင်သလို ချုပ်ကိုင်ထားဆဲဖြစ်သည်။ ကိုလိုနီခေတ်ကတည်းက ပြဋ္ဌာန်းခဲ့သော ဥပဒေများနှင့် နောက်ပိုင်းခေတ်တွင်

ပြဋ္ဌာန်းသော အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေနှင့် ဆက်သွယ်ရေးဥပဒေတို့မှာ စကားလုံးအားဖြင့် အဓိပ္ပါယ်ကျယ်ဝန်းစွာရေးဆွဲထားသည့်အတွက် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများ၊ တက်ကြွလှုပ်ရှားသူများနှင့် သတင်းမီဒီယာသမားများကို အရေးယူအပြစ်ပေးနိုင်ရန် ခွင့်ပြုထားသည်။

တိုက်ပွဲများဖြစ်ပွားနေသော ချင်းပြည်နယ်တောင်ပိုင်းနှင့် ရခိုင်ပြည်နယ်မြောက်ပိုင်းတို့တွင် အစိုးရ၏အမိန့်ဖြင့် ၂၀၁၉ ဇွန်လမှစပြီး မိုဘိုင်းအင်တာနက်ဆက်သွယ်မှုကို အစိုးရအမိန့်ဖြင့် ကန့်သတ်ခဲ့သည်။ ယင်းအမိန့်ကို ၂၀၂၀ ဩဂုတ်လတွင် တစ်စိတ်တစ်ပိုင်းရုပ်သိမ်းပေးခဲ့သော်လည်း ဆက်သွယ်ရေးပြန်ရသော နေရာများတွင် အင်တာနက်ချိတ်ဆက်နှုန်းမှာ လွန်စွာနှေးသွားခဲ့သည်။ ယင်းအတွက်ကြောင့် လူ့အခွင့်အရေးချိုးဖောက်မှုများကို မှတ်တမ်းတင်ရေးလုပ်ငန်းများ အဟန့်အတားဖြစ်စေပြီး ကိုဗစ်၁၉ ကပ်ရောဂါဖြစ်ပွားနေစဉ်ကာလအတွင်း အရေးပါသော ကျန်းမာရေး သတင်းအချက်အလက်များ ဖြန့်ဖြူးရေးကိုလည်း ဆိုးဆိုးဝါးဝါးထိခိုက်စေခဲ့သည်။

ပဋိပက္ခဖြစ်ပွားနေသော ဒေသများ အထူးသဖြင့် ရခိုင်ပြည်နယ်တွင် လွပ်လပ်သောမီဒီယာများနှင့် လူ့အခွင့်အရေးလေ့လာစောင့်ကြည့်သူများ သွားရောက်ခွင့်ကို အာဏာပိုင်များက အပြည့်အဝမပေးဘဲ ဆက်လက်ကန့်သတ်ထားသည်။ အစိုးရက မီဒီယာများကို အစိုးရအစီအစဉ်ဖြင့် တင်းကျပ်စွာထိန်းချုပ်ထားသော ခရီးစဉ် ဆယ်ကြိမ်မကကြ စီစဉ်ပေးခဲ့သော်လည်း ရခိုင်ပြည်နယ်အလယ်ပိုင်းရှိ ပြည်နယ်မြို့တော် စစ်တွေ တစ်ဝိုက်တွင်ရှိသော နေရပ်စွန့်ခွာထွက်ပြေးခဲ့ရသူများနေထိုင်ရာစခန်းများနှင့် အသိုင်းအဝိုင်းများဆီသို့ သတင်းထောက်များ သွားရောက်ခွင့်ကို ပို၍ ကန့်သတ်လာခဲ့သည်။

မြန်မာနိုင်ငံတွင် အစိုးရဘက်မှ အထိမခံနိုင်သော အကြောင်းအရာများကို သတင်းတင်ပြသည့် သတင်းသမားများ၊ မီဒီယာအဖွဲ့အစည်းများသည် ဖိအားပေး၊ ခြိမ်းခြောက်၊ နှောက်ယှက်မှုများ ခံနေရဆဲဖြစ်ပြီး တရားမဝင်အသင်း အဖြစ် ကြေညာထားသည့် ရခိုင့်တပ်တော် အေအေနှင့် ဆက်သွယ်မေးမြန်းခဲ့သည်ဆိုကာ သတင်းသမား အနည်းဆုံး သုံးဦး လွန်ခဲ့သည့် ခြောက်လအတွင်း တရားစွဲဆိုခံခဲ့ရသည်။ အချို့မှာ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။ အကျိုးဆက်အားဖြင့် ကိုယ်တိုင်ဆင်ဆာဖြတ် တည်းဖြတ်မှုများက တိုးမြင့်လာနေပြီး လက်နက်ကိုင် ပဋိပက္ခများနှင့် ပတ်သက်သည့် သတင်းဖော်ပြချက်များတွင် မီဒီယာများက ၎င်းတို့သည် မတရားအသင်းဥပဒေပုဒ်မ ၁၇ (က) နှင့် ၁၇ (ခ)၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေတို့ဖြင့် အရေးယူခံရမည်ကို စိုးရိမ်သည့်အတွက် သက်ဆိုင်သော လက်နက်ကိုင်အဖွဲ့ထံမှ တောင်းခံ၍ မရခဲ့ပါဟူသော မှတ်ချက်များ ထည့်သွင်းဖော်ပြ လာသည်ကို တွေ့နေရပါသည်။ ယင်းအချက်မှာ လူနည်းစု တိုင်းရင်းသား သတင်းသမားများအားပို၍ ကြီးမား များပြားစွာ ထိခိုက်နေပါသည်။

အစိုးရအာဘော်ကို ဝေဖန်သော အင်တာနက်ဝက်ဆိုက်များကိုလည်း နိုင်ငံတော်လုံခြုံရေး စည်းမျဉ်းများဖြင့် အစိုးရက ကျယ်ပြန့်သော အာဏာများသုံး၍ ပိတ်ပင်ခြင်းများ ပြုလုပ်နေပါသည်။ ၂၀၂၀ မတ်လ ၁၉ ရက်မှ ၃၁ ရက်အတွင်း မြန်မာအာဏာပိုင်များသည် အမိန့်ညွှန်ကြားချက် သုံးကြိမ်ထုတ်ပြန်၍ ဆက်သွယ်ရေးဥပဒေပုဒ်မ ၇၇ အရ ဝက်ဆိုက်ပေါင်း ၂၁၄၇ ကို ပိတ်ခဲ့သည်။ ယင်းဥပဒေသည် အစိုးရအား ဆက်သွယ်ရေးကွန်ရက်များကို ပိတ်ဆို့နိုင်သည့် ကျယ်ပြန့်ပြီး စိတ်ထင်သလို ကျင့်သုံးနိုင်သည့် အာဏာများပေးထားသည်။

ပိတ်ခံရသော ဝက်ဆိုက်အများစုမှာ "ညစ်ညမ်းသော" ဖော်ပြချက်များ တင်ဆက်မှုကြောင့် ဖြစ်သော်လည်း အစိုးရက "သတင်းတု" ဟူ၍ယူဆသော အရာများအတွက် သီးသန့်ခေါင်းစဉ် တစ်ခုလည်း ရှိနေပါသည်။ ယင်းအရေးယူမှုက တိုင်းရင်းသားမီဒီယာများနှင့် လွတ်လပ်သော သတင်းမီဒီယာအသေးလေးများကို ထိခိုက်စေခဲ့သည်။ ယင်းမီဒီယာများတွင် စစ်ပွဲဖြစ်ပွားနေသော ဒေသများမှ ဆင်းရဲနွမ်းပါးပြီး နေရပ်အတည်တကျမနေနိုင်သော၊ သတင်းအချက်အလက် ရနိုင်ရေးမှာ အသက်ရှင်သန်ရေးအတွက် အရေးပါလှသော လူနည်းစု တိုင်းရင်းသား စာဖတ်သူ သောင်းသိန်းချီပြီးရှိနေသော မီဒီယာလေးများပါသည်။

မတရားအသင်းဥပဒေနှင့် အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေများကို အသုံးပြု၍ တရားစွဲဆိုခြင်း တရားစွဲခံမည့် ခြိမ်းခြောက်မှုရှိနေခြင်း တို့မှာ သတင်းမီဒီယာများအပေါ် ကြီးမားသော သက်ရောက်မှုကြီးများ ဖြစ်စေပါသည်။ ယင်းခြိမ်းခြောက်မှုကြောင့် ရခိုင်နှင့် ချင်းပြည်နယ်တို့တွင် ဆက်လက် ဖြစ်ပွားနေသော စစ်ပွဲများနှင့်ပတ်သက်ပြီး တိကျစွာ သတင်းရယူတင်ပြနိုင်ခြင်း မရှိဘဲ ဖြစ်စေပါသည်။

**အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့အနေနှင့် နောက်တက်လာမည့်အစိုးရကို တိုက်တွန်းလိုသော အချက်များမှာ -**

- လွတ်လပ်သော မီဒီယာဝက်ဆိုက်များအား ပိတ်ထားခြင်းကို ဖယ်ရှားရန်
- ရခိုင်နှင့်ချင်းပြည်နယ်တို့တွင် မိုဘိုင်းအင်တာနက် ကန့်သတ်ထားမှုများကို ရုပ်သိမ်းရန်
- မီဒီယာလွတ်လပ်ခွင့်ကို ကတိကဝတ်ပြုပြီး လက်နက်ကိုင်ပဋိပက္ခ၊ ကပ်ရောဂါဆိုင်ရာအစီအမံများနှင့် အများပြည်သူအကျိုးစီးပွားနှင့် စပ်လျဉ်းသည့် အခြားကိစ္စရပ်များအား သတင်းမီဒီယာသမား လွတ်လပ်စွာ သတင်းတင်ပြခွင့်ရှိ ဖို့ ဆောင်ရွက်ရန်
- နိုင်ငံရေးအရ ရည်ရွယ်ချက်ဖြင့် စာနယ်ဇင်းသမားများအားဖမ်းဆီးခြင်း၊ ထိန်းသိမ်းခြင်း၊ တရားစွဲဆိုခြင်းနှင့်ထောင်ချခြင်းတို့ကို ရပ်ဆိုင်းရန်
- နိုင်ငံတကာ လူ့အခွင့်အရေး စံချိန်စံနှုန်းများနှင့်အညီ အလုပ်လုပ်နိုင်သည့် သတင်းအချက်အလက် လွတ်လပ်ခွင့်ယန္တရားပါဝင်သော သတင်းအချက်အလက်ရယူပိုင်ခွင့်ဥပဒေတစ်ရပ်ကို

အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် အဓိပ္ပါယ်ရှိရှိ သေချာဆွေးနွေးညှိနှိုင်းမှုများပြုလုပ်ပြီး အတည်ပြုရန်

- နိုင်ငံတော်လျှို့ဝှက်ချက်များဥပဒေ၊ မတရားအသင်းဥပဒေ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ၊ ဆက်သွယ်ရေးဥပဒေ၏ ပုဒ်မ ၆၆ (ဃ)၊ ၆၈ (က)၊ ၇၇၊ ၇၈ ကိုပြင်ဆင်ရန် နှင့် ၎င်းတို့အား နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီဖြစ်အောင် ဆောင်ရွက်ရန်
- အသရေဖျက်မှုကို ရာဇဝတ်မှုအဖြစ် သတ်မှတ်ထားသော ဥပဒေအားလုံးကို ဖျက်သိမ်းပြီး နိုင်ငံတော်ဝန်ထမ်းဖြစ်စေ၊ သာမာန်ပြည်သူဖြစ်စေ တရားမမှုကြောင်းအဖြစ်သာ ရင်ဆိုင်ဖြေရှင်းရန်
- သတင်းအချက်အလက်ရယူပိုင်ခွင့်ကိုချိုးဖောက်သော ဥပဒေအားလုံးကို နိုင်ငံတကာလူ့အခွင့်အရေး စံချိန်စံညွှန်းများနှင့် ညီညွတ်အောင် ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း ပြုလုပ်ရန်

## ၄။ အမျိုးသမီးအခွင့်အရေးနှင့် ကျားမတန်းတူရှိမှုကို မြှင့်တင်ရန်၊ ဥပဒေပြုရေးတွင် နစ်နာသူများ၏ အခွင့်အရေးကို ဗဟိုပြုသော ချဉ်းကပ်ပုံမျိုးဖြင့် ဆောင်ရွက်ရန်

မြန်မာနိုင်ငံသည် ကုလသမဂ္ဂ၏ အမျိုးသမီးများအား ခွဲခြားဆက်ဆံမှု ပုံစံမျိုးစုံ ပပျောက်ရေးသဘောတူစာချုပ် (CEDAW) ၏အဖွဲ့ဝင်နိုင်ငံဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သဘောတရားအားဖြင့် အမျိုးသမီးများ အတွက် တန်းတူညီမျှ အခွင့်အရေးနှင့် တန်းတူညီမျှသော ကာကွယ်မှုကို ပေးအပ်ထားပါသည်။ သို့သော် လက်တွေ့တွင်မူ ထိုကဲ့သို့ မကိုက်ညီပါ။

အမျိုးသမီးများအား ခွဲခြားဆက်ဆံမှုဆိုင်ရာနှင့်ပတ်သက်သည့် ဥပဒေကြောင်းအရ အဓိပ္ပါယ်ဖွင့်ဆိုချက်ကို ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေတွင်သော်လည်းကောင်း၊ အခြား ဥပဒေဆိုင်ရာပြဋ္ဌာန်းချက်များတွင် လည်းကောင်း မတွေ့ရှိသေးပါ။ အိုးအိမ်စွန့်ခွာထွက်ပြေးရသည့် လူဦးရေတွင် အမျိုးသမီးများအချိုးအစားမမျှစွာပါ ဝင်နေပြီး ၎င်းတို့၏ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပညာရေးကိုလက်လှမ်းမီနိုင်မှုကို တားဆီးထားသော ကန့်သတ်ချက်များ ကြောင့် များစွာထိခိုက်နစ်နာမှုများခံစားနေရပါသည်။ ကျား မ ခွဲခြားမှုနှင့် လူမှုအသိုင်းအဝိုင်းအတွင်း တည်ရှိနေသော မညီမျှမှုများကြောင့် လူထုနှင့်စပ်ဆိုင်သည့် နေရာများစွာတွင် အမျိုးသမီးများ၏ကိုယ်စားပြုမှုမှာ လျော့နည်းနေဆဲဖြစ်သည်။ ဤနေရာတွင် ပညာရေးအတွက်လက်လှမ်းမီမှုသည် အဓိကအချက်ဖြစ်နေပြီး တိုင်းရင်းသားလူမျိုးစုများနှင့် ပဋိပက္ခဖြစ်ပွားရာဒေသများတွင် နေထိုင်ကြသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များအား ပိုမိုဆိုးဝါးစွာ အခက်အခဲဖြစ်စေပါသည်။

အမျိုးသမီးများအပေါ်အကြမ်းဖက်မှုမှကာကွယ်တားဆီးရေး (PoVAW) ဥပဒေမှာလည်း ရပ်တန့်နေသည်။ ၂၀၁၃ ခုနှစ်မှစ၍ အရပ်ဘက်အဖွဲ့အစည်းနှင့် အမျိုးသမီးအခွင့်အရေးအဖွဲ့များသည် ဤဥပဒေမျိုး ဖြစ်ပေါ်လာရန်နှင့် အကောင်အထည်ဖော်ရန်၊ ဆက်စပ်သော တည်ဆဲဥပဒေများကို ပြင်ဆင်ရန် တောင်းဆိုမှုများ အရှိန်မြှင့် လုပ်ဆောင်လာခဲ့သည်။ NLD ဦးဆောင်သောအစိုးရက ယင်းတွန်းအားပေးမှုကို ထောက်ခံ ခဲ့သည်။

သို့ရာတွင် PoVAW ဥပဒေမူကြမ်းသည် ကြီးမားသော သဘောမတူညီမှုများကိုလည်း ဖြစ်ပေါ်စေခဲ့သည်။ ဤသို့ဖြစ်ရခြင်းမှာ တစ်စိတ်တစ်ပိုင်းအားဖြင့် ကိုလိုနီခေတ် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေအောက်တွင် ခွင့်ပြုထားသည့် အိမ်ထောင်ရေးတွင် အဓမ္မကျင့်မှု အပါအဝင် ယင်းဥပဒေကြမ်းတွင် ပါဝင်သော မှုဒိမ်းမှုနှင့် ပတ်သက်သည့် အဓိပ္ပါယ်ဖွင့်ဆိုချက်ကြောင့်ဖြစ်သည်။ PoVAW သည် အိမ်ထောင်ရေးတွင် အဓမ္မကျင့်မှုအတွက် ရာဇဝတ်မှုအား ဒီဂရီလျော့ပေါ့ သတ်မှတ်ပေးပြီး ပိုမိုပေါ့ပါးသော ပြစ်ဒဏ်များကို သာချမှတ်စေသည်။

အိမ်တွင်းအကြမ်းဖက်မှုသည် နိုင်ငံတစ်ဝန်းတွင် ပျံ့နှံ့ဖြစ်ပွားလျက်ရှိပြီး အမျိုးသမီးများသည် အမျိုးသားများထက် ပိုမိုထိခိုက်ခံရလေ့ ရှိသည်။ အထူးသဖြင့် ကျေးလက်ဒေသများတွင် အမျိုးသမီးများအနေဖြင့် ထိုကဲ့သို့သောချိုးဖောက်မှုများကို တရားဝင် စိန်ခေါ်ရန် ယန္တရားအနည်းငယ်သာ ရှိသည်။ PoVAW ဥပဒေသည်အိမ်တွင်းအကြမ်းဖက်မှုမှ လွတ်မြောက်လာသူများအတွက် ဝန်ဆောင်မှုများကို ပိုမိုကောင်းမွန်စေရန်၊ ဥပဒေနှင့်ဆေးဝါးကုသမှုဆိုင်ရာ အထောက်အပံ့များနှင့် လုံခြုံမှုရှိသောနေအိမ်များ ရရှိစေရန် ရည်ရွယ်သည်။ ၎င်းဥပဒေကို အတည်ပြု အကောင်အထည် ဖော်ခြင်း မလုပ်နိုင်သေးသရွေ့ အိမ်တွင်းအကြမ်းဖက်မှုကို ကြုံတွေ့ခံစားနေရသော အမျိုးသမီးများနှင့် အခြားသူများသည် ကူညီကယ်ဆယ်မှု ရနိုင်ရေး အခွင့်အလမ်း နည်းပါးနေမည်ဖြစ်သည်။

၁၉၄၉ ပြည့်တန်ဆာလုပ်ငန်း နှိမ်နင်းရေးဥပဒေအား ပြုပြင်ပြောင်းလဲရေးအတွက် တွန်းအားပေးမှုသည်လည်း ရပ်တန့်နေသည်။ ဤသို့ ရပ်တန့်သွားသောကြောင့် လိင်လုပ်သားများမှာ ခေါင်းပုံဖြတ်ခြင်းနှင့်ငွေညှစ်ခံရခြင်း အန္တရာယ်နှင့် ရင်ဆိုင်ရနိုင်သည်။ ဤဥပဒေပြဋ္ဌာန်းချက်ကို ပြင်ဆင်ရေးအတွက် ဆွေးနွေးမှုများတွင် လိင်လုပ်သားများပါဝင်ရန်နှင့် လိင်ပြောင်း လိင်လုပ်သားများကို အချိုးအစားမမျှတစွာ သက်ရောက်နေသော အခြား ဆက်နွယ်ရာ“အရိပ်ဥပဒေများ” ကိုပါ ထည့်သွင်းစဉ်းစားရန်အလွန်အရေးကြီးသည်။

**အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့အနေနှင့် နောက်တက်လာမည့်အစိုးရကိုတိုက်တွန်းလိုသော အချက်များ -**

- ဆင်းရဲနွမ်းပါးမှု၊ အိုးအိမ်စွန့်ခွာထွက်ပြေးရမှုများနှင့် အမြစ်တွယ်နေသောကျား၊ မ နှင့် ဖြစ်တည်မှုအပေါ် ခွဲခြားဆက်ဆံခြင်းများအပါအဝင် တန်းတူညီမျှမှုမရှိအောင် တွန်းအားပေးနေသော အကြောင်းအရာများကို ကိုင်တွယ်ဖြေရှင်းပြီး ကျားမတန်းတူညီမျှမှုကို မြှင့်တင်ရန်၊
- အိမ်တွင်းအကြမ်းဖက်မှု၊ လိင်ပိုင်းဆိုင်ရာ နှင့် ကျား၊မ အခြေပြုအကြမ်းဖက်မှုများကို ဖြေရှင်းရန် ဥပဒေရေးရာနှင့် မူဝါဒရေးရာ မူပေါင်များချမှတ်ရာတွင် နစ်နာသူကို အခြေပြုစဉ်းစားသည့် ချဉ်းကပ်မှုမျိုးကို မြှင့်တင်ရန်
- စွန့်ပယ်ခံထားရသောအုပ်စုများမှ အမျိုးသမီးများအပါအဝင် အမျိုးသမီးနှင့်မိန်းကလေးများအားလုံး၏ အခွင့်အရေးများကိုကာကွယ်ရန်၊ လိင်လုပ်ငန်းတွင်ပါဝင်နေသူများနှင့် လိင်ပြောင်းသူများ၏ အခွင့်အရေးများကို ကာကွယ်ရန် PoVAW ဥပဒေမူကြမ်းကို ပြန်လည်ပြင်ဆင်ရန်
- ခွဲခြားဆက်ဆံမှုများနှင့် ဖိနှိပ်စော်ကားမှုများကို ကာကွယ်နိုင်ရန်အတွက် အရပ်ဘက် လူ့အဖွဲ့အစည်းများ၊ လိင်လုပ်သားများနှင့် အဓိပ္ပါယ်ပြည့်ဝသော တိုင်ပင်ဆွေးနွေးမှုများပြုလုပ်ပြီး ၁၉၄၉ ပြည့်တန်ဆာနှိမ်နင်းရေးဥပဒေကို ပြင်ဆင်ရန်။

## ၅။ လိင်စိတ်ကွဲပြားသူများ၏ အခွင့်အရေးကို အကာအကွယ်ပေးပြီး ၎င်းတို့အား တန်းတူညီမျှ အခွင့်အရေးရစေရေးအတွက် မြှင့်တင်ဆောင်ရွက်ရန်

လိင်တူချင်း မိမိသဘောဆန္ဒတူဖြစ်စေ လိင်ဆက်ဆံခြင်းသည် မြန်မာနိုင်ငံတွင် တရားမဝင်ဟု သတ်မှတ်ခံထားရဆဲ ဖြစ်ပြီး LGBTI လိင်စိတ်ကွဲသူများအပေါ် မသိမသာရော ပြောင်ပြောင်တင်းတင်းပါ ခွဲခြားဆက်ဆံမှုများလည်း ဆက်လက်ရှိနေသည်။ ၂၀၁၉ ခုနှစ်က လိင်တူချစ်သူတစ်ယောက် ကိုယ့်ကိုယ်ကိုယ် သတ်သေခဲ့မှုက လုပ်ငန်းခွင်အတွင်း အနိုင်ကျင့်မှုနှင့် လိင်စိတ်ကွဲပြားသူများအပေါ် အကြမ်းဖက် ဖယ်ကျဉ်ခြင်းများ မြန်မာနိုင်ငံတွင် ကျယ်ကျယ်ပြန့်ပြန့် ဖြစ်နေခြင်းကို မီးမောင်းထိုးပြခဲ့သည်။

ပြီးခဲ့သည့်နှစ်ပိုင်းများတွင် အပြုသဘောတိုးတက်မှုများတွေ့လာခဲ့ရပြီး အရပ်ဖက်အဖွဲ့အစည်းများအတွင်း LGBTI လိင်စိတ်ကွဲပြားသူများကို ကိုယ်စားပြုမှု ပိုမိုတိုးတက်လာခဲ့သည်။ ၂၀၁၈ ခုနှစ်အစောပိုင်းတွင် အမျိုးသားလူငယ်မူဝါဒကို ချမှတ်ခဲ့ပြီး ယင်းမူဝါဒထဲတွင် လိင်စိတ်ကွဲပြားမှုနှင့် ကျားမကွဲပြားမှုအပေါ်မူတည်၍ ခွဲခြားဆက်ဆံခြင်းများ အဆုံးသတ်ရန် တိုက်တွန်းထားသည်။ ယင်းအချက်မှ ကြိုဆိုစရာ ခြေလှမ်းတစ်ရပ်ဖြစ်သော်လည်း အဓိပ္ပါယ်ပြည့်ဝသည့် ဥပဒေရေးရာပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရန် လိုအပ်နေပါသေးသည်။ ကိုလိုနီခေတ်က ပြဋ္ဌာန်းခဲ့သော ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၃၇၇ တွင် "ဓမ္မတာနှင့် ဆန့်ကျင်သော လိင်ဆက်ဆံမှု" ကို ပြစ်မှုအဖြစ်သတ်မှတ်ထားသည့်အတွက် လိင်တူချင်း သဘောတူဆက်ဆံမှုမှာလည်း ရာဇဝတ်မှုဖြစ်နေပါသည်။

LGBTI လိင်စိတ်ကွဲပြားသူများကို အန္တရာယ်ဖြစ်စေရန်ထက် အကာအကွယ်ပေးနိုင်ရန် ကိုလိုနီခေတ်ဥပဒေများကို မည်ကဲ့သို့ ပြုပြင်ပြောင်းလဲနိုင်သည်ဆိုခြင်းကို မြန်မာအနေနှင့် အိန္ဒိယဥပမာကို ကြည့်နိုင်ပါသည်။ နှစ်နိုင်ငံလုံးတွင် ဗြိတိသျှရာဇဝတ်ကျင့်ထုံးဥပဒေကို အမွေဆက်ခံခဲ့ရသော်လည်း ၂၀၁၈ ခုနှစ်တွင် အိန္ဒိယတရားရုံးချုပ်က ပုဒ်မ ၃၇၇ သည် ပုဂ္ဂိုလ်ရေးလွတ်လပ်ခွင့်၊ တန်းတူညီမျှမှု၊ ခွဲခြားဆက်ဆံခြင်း မရှိမှု၊ ဂုဏ်သိက္ခာရှိမှု အခွင့်အရေးများကို အာမခံထားသော နိုင်ငံ၏ အခြေခံဥပဒေနှင့်ဆန့်ကျင်သည်ဆိုကာ အရွယ်ရောက်ပြီးသူ အချင်းချင်း နှစ်ဘက်သဘောတူ လိင်ဆက်ဆံခြင်းကို ရာဇဝတ်မှုအဖြစ် သတ်မှတ်ထားခြင်းကို ပယ်ဖျက်ခဲ့သည်။

*Navtej Singh Johar et al & Others နှင့် Union of India and others* အမှုတွင် သမိုင်းတွင်မည့် ဆုံးဖြတ်ချက်မှာ နိုင်ငံတကာဥပဒေနှင့်လည်း ညီညွတ်ခဲ့သည်။ ပုဒ်မ ၃၇၇ မှာ အိန္ဒိယလက်မှတ်ရေးထိုးထားပြီး လိုက်နာရန်တာဝန်ရှိသည့် ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်နှင့် လူမှုရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူညီချက် တို့ကို ချိုးဖောက်ရာရောက်ကြောင်းလည်း တွေ့ရပါသည်။ မြန်မာနိုင်ငံတွင် ပုဒ်မ ၃၇၇ ကို အသုံးပြုခြင်းမျိုး တွေ့ရခြင်း နည်းပါးသော်လည်း ယင်းပုဒ်မ ရှိနေခြင်းကပင် လိင်စိတ်ကွဲပြားသူများအပေါ် နှောက်ယှက်မှု၊ ခွဲခြားဆက်ဆံမှု၊ အကြမ်းဖက် ဖယ်ကျဉ်မှုများ တရားဝင် ပြုလုပ်နိုင်သည့် ရန်လိုသောပတ်ဝန်းကျင်တစ်ခု ဖြစ်ပေါ်နေစေပြီး ၎င်းတို့အား အခြားသူများက တိုက်ခိုက်မှု၊ ရဲများက ငွေညှစ်မှုများ ပြုလုပ်ခံရနိုင်သည့် အနေအထားတစ်ခု လမ်းဖွင့်ပေးထားသလို ဖြစ်နေပါသည်။

LGBTI လိင်စိတ်ကွဲပြားသူများအပေါ် ဖိနှိပ်ခြင်း၊ ခွဲခြားဆက်ဆံခြင်းများအကြောင်းကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးခြင်း၊ အသိအမှတ်ပြုခြင်းများ တွေ့ရလေ့မရှိပါ။ ၎င်းတို့အပေါ် ချိုးဖောက်မှုများမှာလည်း တိုင်ကြားခြင်း၊ အရေးယူဖြင့်မျိုး မရှိပဲ ပြီးပြီးပျောက်ပျောက်ဖြစ်သွားလေ့ရှိသည်။ အာဏာပိုင်များအပေါ် ယုံကြည်မှုမရှိခြင်း၊ တရားစီရင်ရေးစနစ်အပေါ် ယုံကြည်မှုကင်းမဲ့ခြင်းနှင့် LGBTI လိင်စိတ်ကွဲပြားသူများအပေါ် စွဲမြဲစွာရှိနေသည့် မလိုမုန်းထားစိတ်များကြောင့် နစ်နာသူများက ၎င်းတို့ ခံစားရသော နှောက်ယှက်စော်ကားမှု၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု၊ ငွေညှစ်ခံရမှုများကို ရှေ့ထွက်လာပြီး တိုင်ကြားခြင်း မပြုလိုသောစိတ်များဖြစ်လာကြပြီး ယင်းအမှုအခင်းများမှာ လုံးဝ တိုင်ကြားခြင်းမရှိ သို့မဟုတ် တစ်စိတ်တစ်ပိုင်းသာ တိုင်ကြားမှုများ ရှိနေကြခြင်းဖြစ်သည်။

LGBTI လိင်စိတ်ကွဲပြားသူများအကြား "မှောင်ရိပ်ခိုမှုဥပဒေများ" အဖြစ်ညွှန်းဆိုသည့် ကိုလိုနီခေတ်ဥပဒေပါ ပြဋ္ဌာန်းချက်များမှာလည်း ဖိနှိပ်စော်ကားမှုပြုရန် အခြေအနေများဖန်တီးပေးနေသည်။ ဥပဒေပါ စာသားများမှာ တိကျရေရာမှု မရှိသည့်အတွက် ရဲများက ရာဇဝတ်မှုနှိမ်နင်းရေးနှင့် ဖမ်းဆီးချုပ်နှောင်ရေးတာဝန်များကို

ထမ်းဆောင်သည့်အခါ ၎င်းတို့ လုပ်ဆောင်ချင်သလို ဆောင်ရွက်နိုင်သော အခွင့်အာဏာများ ကျယ်ပြန့်စွာ ပေးထားခဲ့သည်။ အကျိုးဆက်အားဖြင့် ရာဇဝတ်မှုများ လာရောက်တိုင်ကြားခြင်းကို လက်ခံအရေးယူ ဆောင်ရွက်ရမည့် ပုဂ္ဂိုလ်များကိုယ်တိုင်က ဖောက်ဖျက်ကျူးလွန်မှုများ အကြောင်း လူ့အခွင့်အရေးအဖွဲ့များက ဆက်လက်၍ မှတ်တမ်းများ ရရှိနေပါသည်။

**အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့အနေနှင့် နောက်တက်လာမည့်အစိုးရကို တိုက်တွန်းလိုသော အချက်များ -**

- ပြစ်မှုဆိုင်ရာပုဒ်မ ၃၇၇ ကို ပယ်ဖျက်ရန်
- မိမိတို့ အသိုင်းအဝိုင်းအတွင်းတွင်လည်း မတူကွဲပြားမှုနှင့် အားလုံးပါဝင်မှုကို မြှင့်တင်ရန်နှင့် LGBTI အခွင့်အရေးကို ထောက်ခံကြောင်း လူသိရှင်ကြားဖော်ပြရန်
- ပြည်ထောင်စုနှင့်ပြည်နယ် / တိုင်းဒေသကြီးအဆင့်တွင် ၁၉၄၅ ခုနှစ် ရဲ ဥပဒေပုဒ်မ ၃၅၊ ၁၈၉၉ ရန်ကုန်ရဲ ဥပဒေ ပုဒ်မ ၃၀၊ ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၂၆၈ နှင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၂၀ အပါအဝင် "အရိပ်ဥပဒေများ" ကို ပယ်ဖျက်ရန်
- ၁၉၄၉ ပြည့်တန်ဆာနှိမ်နင်းရေး ဥပဒေကို ပြုပြင်ပြောင်းလဲရေးအတွက် တွန်းအားပေးရန်နှင့် LGBTI လိင်တူချစ်သူ လိင်လုပ်သားများအတွက် အကာအကွယ်ပေးမှုများ ရှင်းရှင်းလင်းလင်း ထည့်သွင်းရန်

**၆။ စစ်ရေးပဋိပက္ခဖြစ်ပွားနေသော နေရာများတွင် အရပ်သားများအား အကာအကွယ်ပေးပြီး စိုးရိမ်စရာအခြေအနေရှိနေသူများထံ လူသားချင်းစာနာသော အကူအညီများ အဆီးအတားမရှိ စဉ်ဆက်မပြတ်ရနေနိုင်ရေး အာမခံပေးရန်**

မြန်မာစစ်တပ်နှင့်တိုင်းရင်းသားလက်နက်ကိုင်အုပ်စုများအကြားလက်နက်ကိုင်ပဋိပက္ခများကြောင့်ရခိုင်၊ ချင်း၊ ကချင်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် အိုးမဲ့အိမ်မဲ့ဖြစ်သွားရသူပေါင်း ၃၀၀,၀၀၀ ခန့်ရှိသည်။ ထိုင်း - မြန်မာ နယ်စပ်တလျှောက်တွင် ဆယ်စုနှစ်များစွာက ဖြစ်ပွားခဲ့သောပဋိပက္ခများကြောင့် သောင်းနှင့်ချီသော လူများမှာ ယခုအထိ နေရပ်ရင်း မပြန်နိုင်သေးပဲ ဖြစ်နေကြသည်။

၂၀၂၀ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ် ပလက်ဝမြို့နယ်အတွင်း မြန်မာစစ်တပ်မှ ပစ်မှတ်ခွဲခြားခြင်းမရှိသော လေကြောင်းတိုက်ခိုက်မှုနှင့် ဗုံးကြဲတိုက်ခိုက်ခြင်းများကြောင့် အရပ်သားများ သေဆုံးခဲ့ခြင်းကို မှတ်တမ်းတင်ထားခဲ့ပါသည်။

မြန်မာစစ်တပ်နှင့် ရခိုင်တပ်အကြား ဖြစ်ပွားသော ပဋိပက္ခများ ၂၀၁၁ ခုနှစ်အစောပိုင်းမှစ၍ ပြင်းထန်ကျယ်ပြန့်လာသည်နှင့် အမျှ မြန်မာစစ်တပ်မှ အရပ်သားများအား အဓမ္မခိုင်းစေခြင်း၊ ထင်သလိုဖမ်းဆီးခြင်း၊ အရပ်သားများအား ညှဉ်းပန်းနှိပ်စက်ခြင်းများတိုးပွားလာခဲ့သည်။ ထို့အပြင် အရပ်သားနှင့် တိုက်ခိုက်ရေးသမားများအကြား ခွဲခြားခြင်းမရှိဘဲ ပြုမူဆက်ဆံသည့် ပုံစံမျိုးကိုလည်း တွေ့လာရသည်။ အဓိကအားဖြင့် ပိုမိုများပြားစွာ ခံရသူများမှာ တိုင်းရင်းသားလူနည်းစုများမှ အမျိုးသားများနှင့် ယောက်ကျားလေးများ ဖြစ်ကြသည်။ ဤချိုးဖောက်မှုအများစုသည် စစ်ရာဇဝတ်မှုများမြောက်ပါသည်။

အဓမ္မဖမ်းဆီးပြန်ပေးဆွဲခြင်း၊ သတ်ဖြတ်ခြင်း၊ ထင်သလိုဖမ်းဆီးခြင်း၊ အတင်းအဓမ္မခိုင်းစေခြင်းနှင့် ကလေးစစ်သားစုဆောင်းခြင်း အပါအဝင် အရပ်သားများအပေါ် ဆိုးဝါးသော ချိုးဖောက်မှုများကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကလည်း ကျူးလွန်ခဲ့ကြသည်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များရော မြန်မာစစ်တပ်တို့ပါ ဆက်လက်အသုံးပြုနေသည့် မြေမြှုပ်မိုင်းများနှင့် လက်လုပ်ဖောက်ခွဲရေးပစ္စည်းများက အရပ်သားများကို အန္တရာယ်များ နောက်ထပ်ရှိလာစေသလို ၂၀၂၀ ခုနှစ်တွင်မြန်မာစစ်တပ်၏မဆင်မခြင်လေကြောင်းတိုက်ခိုက်မှုများနှင့် ပစ်မှတ်မခွဲခြားသည့် လက်နက်ကြီးများဖြင့်ပစ်ခတ် တိုက်ခိုက်မှုများ ပိုမိုတိုးမြှင့်လုပ်ဆောင်ခြင်းများကလည်း အရပ်သားများအတွက် အန္တရာယ်ဖြစ်စေပါသည်။

ယခုအချိန်အထိ နိုင်ငံပေါင်း ၁၆၂ နိုင်ငံသည် မိုင်းတားဆီးရေးစာချုပ်တွင် ပါဝင်လက်မှတ်ထိုးထားကြသည်။ သို့သော် မြန်မာနိုင်ငံက မပါဝင်သေးပါ။ မြန်မာနိုင်ငံသည် မိုင်းပိတ်ပင်မှုစာချုပ်အား ထောက်ခံသည့် ကုလသမဂ္ဂအထွေထွေညီလာခံ၏နှစ်စဉ်ဆုံးဖြတ်ချက်ကို မဲပေးထောက်ခံရာတွင် ပုံမှန်အားဖြင့် မပါဝင်သော နိုင်ငံများအနက် တစ်ခုဖြစ်သည်။

၂၀၂၀ခုနှစ် ဇွန်လ ၁၂ ရက်နေ့ နေပြည်တော်တွင် ပြုလုပ်သောသတင်းစာရှင်းလင်းပွဲတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက အစိုးရသည် မြေမြှုပ်မိုင်းရှင်းလင်းရေးအတွက် အမျိုးသားမိုင်းရှင်းလင်းရေးစင်တာနှင့် နိုင်ငံလုံးဆိုင်ရာအဖွဲ့တစ်ခုကို တည်ထောင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ၂၀၂၀ စက်တင်ဘာလတွင် ဘင်္ဂလားဒေ့ရှ်နှင့် နယ်စပ်အနီး ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် မြန်မာစစ်တပ်မှ မိုင်းများကို အသုံးပြုခဲ့ကြောင်း မကြာသေးမီက အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့မှ မှတ်တမ်းတင်ခဲ့သည်။

အစိုးရသစ်အနေဖြင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ပေးအပ်ခြင်းကို အပြည့်အဝနှင့် အတားအဆီးမဲ့ ခွင့်ပြုရန်အလွန်အရေးကြီးပါသည်။ မကြာသေးမီနှစ်များအတွင်းက ပြည်တွင်းရွှေ့ပြောင်း

ဒုက္ခသည်များနှင့် အခြားသူများအတွက် ကျန်းမာရေးဝန်ဆောင်မှုများ၊ သန့်ရှင်းသောရေနှင့် အစားအစာအထောက်အပံ့များ အပါအဝင် လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာ အကူအညီပေးသူများ၏ မြန်မာနိုင်ငံရှိ လုပ်ငန်းများကို လုပ်ဆောင်နိုင်ရေးမှာ ကြီးစွာသောအဟန့်အတားများနှင့် ရင်ဆိုင်ခဲ့ရသည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ ထိန်းချုပ်သောဒေသများသို့ လူသားချင်းစာနာမှုဆိုင်ရာ အထောက်အကူများ ပေးအပ်နိုင်ခွင့်ကိုလည်း မြန်မာအစိုးရနှင့် လုံခြုံရေးအဖွဲ့အစည်းများက ပုံမှန်ဆိုသလို ငြင်းပယ်လေ့ရှိသည်။

လူသားချင်းစာနာထောက်ထားမှု အကူအညီပေးသူများအပေါ် ကန့်သတ်မှုများမှာ ရခိုင်ပြည်နယ်တွင် အတင်းကျပ်ဆုံး အဖြစ်တွေ့ရသည်။ လုပ်ကိုင်ရခက်သော ဗျူရိုကရေစီယန္တရားနှင့် အစိုးရမှ ချမှတ်ထားသော ခရီးသွားလာခွင့်တားမြစ်ချက်များကြောင့် တိုက်ပွဲများဖြစ်ရာဒေသများနှင့် အိုးအိမ်စွန့်ခွာထွက်ပြေးနေရသော အခြေအနေများရှိပြီး အန္တရာယ်နှင့် ရင်ဆိုင်နေရသောလူများထံသို့ သွားရောက်ခွင့်မရပါ။ ၂၀၂၀ ဧပြီလတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ယာဉ်မောင်းတစ်ဦးမှာ ရခိုင်ပြည်နယ်မင်းပြားမှတဆင့် ကိုဗစ်-၁၉ စမ်းသပ်ရန် နမူနာများကို သယ်ဆောင်လာစဉ် သေဆုံးခဲ့ရသည်။ ရခိုင်တပ်နှင့် မြန်မာစစ်တပ်နှစ်ခုလုံးက ထိုသူ သေဆုံးမှုအတွက် ၎င်းတို့တွင်တာဝန်မရှိပါဟု ငြင်းဆိုခဲ့သည်။ ဤဖြစ်ရပ်က အစိုးရထိန်းချုပ်ထားသော ဒေသများနှင့် တိုင်းရင်းသားလက်နက်ကိုင်နှင့် အစိုးရတပ်များ နှစ်ဘက်စလုံး ရှိနေသောဒေသများရှိ ပဋိပက္ခများ ဖြစ်ပွားရာ နေရာများသို့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများနှင့် အလုပ်လုပ်ကိုင်နေသူများ လုံခြုံစွာဖြတ်သန်းသွားလာနိုင်မှုလမ်းကြောင်း လိုအပ်နေကြောင်း ထပ်မံ မီးမောင်းထိုးပြခဲ့သည်။

နိုင်ငံ၏အခြားဒေသများတွင်လည်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အလုပ်သမားများမှာ အန္တရာယ်ရှိနေပါသည်။ ၂၀၁၉ ခုနှစ် ဩဂုတ်လတွင် စေတနာ့ဝန်ထမ်း လူနာတင်ယာဉ်မောင်းတစ်ဦးမှာ ရှမ်းပြည်နယ်မြောက်ပိုင်းရှိ မြန်မာစစ်တပ်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအကြား ဖြစ်ပွားနေသော တိုက်ပွဲဒဏ်ခံရသူများအား ဆေးကုသမှုများပေးအပ်ရန် လုပ်ဆောင်နေစဉ်အတွင်း ခေါင်းကို သေနတ်ဖြင့် ပစ်သတ်ခံခဲ့ရသည်။ သေဆုံးမှုအတွက် မည်သည့်ဘက်ကမှ တာဝန်ရှိသည်ဟု ဝန်မခံခဲ့ပါ။

**အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့အနေနှင့် နောက်တက်လာမည့်အစိုးရကို တိုက်တွန်းလိုသော အချက်များ -**

- အစိုးရမဟုတ်သောအဖွဲ့အစည်းများ/ လူသားချင်းစာနာထောက်ထားမှုအဖွဲ့များနှင့် လူထုအခြေပြုအဖွဲ့များအား အန္တရာယ်ရင်ဆိုင်နေရသော သူများထံသို့ သွားရောက်ခွင့်ရစေရန်။

- အရပ်သားများနေထိုင်သော ဒေသများတွင် မြေမြုပ်မိုင်းများနှင့် လက်လုပ်ဖောက်ခွဲရေးပစ္စည်းများ ချထားအသုံးပြုမှုကို ရပ်ဆိုင်းရန် မြန်မာစစ်တပ်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအား ဖိအားပေးဆောင်ရွက်ရန်
- ရခိုင်၊ ကချင်နှင့်ရှမ်းပြည်နယ်အပါအဝင် နိုင်ငံတစ်ဝန်းလုံးရှိ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို ကုလသမဂ္ဂ၊ အပြည်ပြည်ဆိုင်ရာနှင့် ပြည်တွင်း လူသားချင်းစာနာမှုအဖွဲ့များအား ပေးအပ်ခွင့်ရစေရေး နှင့် လိုအပ်နေသောအခြားသူများ၏လိုအပ်ချက်များကို အကဲဖြတ်ခြင်းနှင့် စောင့်ကြည့်ခြင်း၊ အကူအညီများပေးပို့ခြင်းများကို ချက်ခြင်း၊ အတားအဆီးမရှိ၊ ရေရှည်လုပ်ဆောင်နိုင်ရေး ဆောင်ရွက်ပေးရန်
- ရခိုင်ပြည်နယ်နှင့်ချင်းပြည်နယ်တောင်ပိုင်းတွင်အင်တာနက် ကန့်သတ်ချက်ကို ချက်ချင်းရုပ်သိမ်းရန်
- မြေမြှုပ်မိုင်းနှင့် လက်လုပ်ဖောက်ခွဲရေးပစ္စည်းများ အသုံးပြုမှုကိုအဆုံးသတ်ရန်။ မိုင်းရှင်းလင်းရေးအစီအစဉ်များ တိုးချဲ့ခြင်းကိုထောက်ခံပြီး တစ်ချိန်တည်းတွင် မြေမြှုပ်မိုင်းများ သို့မဟုတ် မြေမြှုပ်မိုင်းနှင့်တူသော ဖောက်ခွဲရေးပစ္စည်းများ ချထားသောနေရာများနှင့် ပတ်သက်ပြီး ဒေသတွင်းရှိ တိုင်းရင်းသားလူနည်းစုများ၏ဘာသာစကားနှင့် မြန်မာဘာသာ နှစ်မျိုးစလုံးပါဝင်သော ဆိုင်းဘုတ်များနှင့်လူထုကြေညာချက်များအပါအဝင် အရပ်သားများအား သတိပေးရန် လိုအပ်သော လုပ်ဆောင်မှုများအားလုံးကိုပြုလုပ်ရန်
- မြေမြှုပ်မိုင်းများအသုံးပြုခြင်း၊ သိုလှောင်ခြင်း၊ ထုတ်လုပ်ခြင်း၊ လွှဲပြောင်းခြင်းနှင့် ၎င်းတို့အား ဖျက်ဆီးခြင်းဆိုင်ရာသဘောတူညီချက် (မိုင်းတားဆီးရေးသဘောတူညီချက်) ကို မည်သည့် ခြွင်းချက်မှမပါဘဲ ချက်ချင်းလိုက်နာရန် နှင့် နိုင်ငံတော် ဥပဒေအရ အကောင်အထည်ဖော်ရန်

## ၇။ လူနည်းစု လူမျိုးစုဒေသများတွင် ဖြစ်ပွားခဲ့သော နိုင်ငံတကာဥပဒေအရ ရာဇဝတ်မှုမြောက်သည့် ကျူးလွန်မှုများအတွက် တရားမျှတမှု၊ အမှန်တရားနှင့် ပြန်လည်ကုစားပေးလျော်ခြင်းများ ရရှိစေရေး ဆောင်ရွက်ပေးရန်

လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် နိုင်ငံတကာဥပဒေအရ ရာဇဝတ်မှုမြောက်သည့်ပြစ်မှုများအတွက် အရေးယူအပြစ်ပေးခံရခြင်းမှ လွတ်မြောက်နေမှုများ မြန်မာနိုင်ငံတွင် ဆက်လက်ကျယ်ပြန့်စွာတွေ့နေရဆဲဖြစ်သည်။

ပြီးခဲ့သည့်နှစ်များအတွင်း ရခိုင်၊ ချင်း၊ ကချင်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် ဖြစ်ပေါ် ခဲ့သည့် ဆိုးဝါးသောရာဇဝတ်မှုများအများအပြားကို အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က မှတ်တမ်းပြုစုထားခဲ့သည်။ ယင်းပြစ်မှုများထဲတွင် မခွဲခြားပဲ တိုက်ခိုက်မှုများကြောင့် အရပ်သားများ

သေကြေဒဏ်ရာရခြင်း၊ ဥပဒေလက်လွတ် သတ်ဖြတ်ခြင်း၊ အစဖျောက်ခြင်း၊ စိတ်ထင်သလို ဖမ်းဆီးချုပ်နှောင်ခြင်း၊ နှိပ်စက်ခြင်းနှင့် အခြားသော ညှဉ်းပန်းမှုများပြုလုပ်ခြင်း၊ အဓမ္မလုပ်အားပေးခိုင်းစေခြင်း၊ ပစ္စည်းများကို လုယက်ခြင်းနှင့် သိမ်းယူခြင်းတို့ပါဝင်ကြသည်။

၂၀၁၆ နှင့် ၂၀၁၇ ခုနှစ်များက မြန်မာစစ်တပ်က ရခိုင်ပြည်နယ်တွင် ကျူးလွန်ခဲ့သော နိုင်ငံတကာဥပဒေအရ ရာဇဝတ်မှုမြောက်သည့် ပြစ်မှုများအတွက် ယခုအခါ နိုင်ငံတကာက ဥပဒေကြောင်းအရ အရေးယူရန် ပြုလုပ်လာပြီဖြစ်သည်။ အာရကန်ရိုဟင်ဂျာကယ်တင်ရေးတပ် (အာဆာ)၏ တိုက်ခိုက်မှုများကို လက်တုံ့ပြန်ရန်ဆိုသော အကြောင်းပြချက်ဖြင့် သတ်ဖြတ်ခြင်း၊ အဓမ္မကျင့်ခြင်း၊ ညှဉ်းပန်းခြင်းနှင့် ရာနှင့်ချီသော ရိုဟင်ဂျာရွာများကို မီးတင်ရှို့ခြင်းစေသော ရက်စက်သည့် စစ်ဆင်ရေးကို အဓိက လှိုင်းကြီး နှစ်ခုအဖြစ်လုပ်ဆောင်ခဲ့ကြသည်။ ကုလသမဂ္ဂ၏ အချက်အလက်ရှာဖွေရေးအဖွဲ့က ထိပ်တန်းစစ်ခေါင်းဆောင်များကို လူမျိုးတုန်းသတ်ဖြတ်မှုဖြင့် စုံစမ်းစစ်ဆေးပြီး တရားစွဲဆိုအရေးယူရန် တိုက်တွန်းထားသည်။

နိုင်ငံတကာရာဇဝတ်ခုံရုံးအိုင်စီစီ နှင့် နိုင်ငံတကာတရားရုံး အိုင်စီဂျေတို့တွင် နိုင်ငံတကာတရားမျှတမှုရရှိရေး လုပ်ဆောင်နေသော အဆင့်များစတင်ဖြစ်ပေါ်နေချိန်တွင် ပြစ်မှုများအတွက် တာဝန်ခံမှု တာဝန်ယူမှုကို မြန်မာအစိုးရက ပြည်တွင်းရေးကိစ္စတစ်ခုအဖြစ်သာ ထားရန် ကြိုးပမ်းလျက်ရှိသည်။ သို့ရာတွင် ယင်းကြိုးပမ်းချက်တွင် ပြဿနာကြီးကြီးမားမား ရှိနေပါသည်။ ယခုအချိန်အထိ ဖွဲ့စည်းခဲ့သော စုံစမ်းစစ်ဆေးရေးအဖွဲ့များမှာ နည်းစနစ်ပိုင်းအရ တိကျသေချာမှုမရှိရုံမက သိက္ခာပိုင်းအရလည်း ကင်းမဲ့နေပါသည်။ ပြည်တွင်း တရားစီရင်ရေးစနစ်မှာ ဘက်လိုက်ခြင်းများ ပြည့်နှက်နေပြီး အကျင့်ပျက်လာဘ်စားမှုနှင့် အရည်အသွေးမဲ့မှုများကလည်း အတားအဆီးဖြစ်စေပါသည်။ စစ်ဘက်တရားစီရင်ရေးနစ်မှာလည်း ပြင်ပမှ ကြီးကြပ်စောင့်ကြည့်မှုမရှိသလောက်ဖြစ်ခြင်းနှင့် ၎င်း၏ တံခါးပိတ်စစ်ဆေးမှုများက ပွင့်လင်းမြင်သာမှု မရှိသလောက်ဖြစ်သည်။

နိုင်ငံ၏ အခြားနေရာများတွင်လည်း အရပ်သားများအပေါ် ကျူးလွန်သော ဆိုးဝါးသည့်ရာဇဝတ်မှုများအတွက် တရားမျှတမှုမှာ ရှာမရဖြစ်နေပါသည်။ ကချင် ကျောင်းဆရာမလေးနှစ်ဦးဖြစ်သည့် မရမ်လုရာနှင့်တန်ဘောင်ခေါင်နန်စင်တို့ အဓမ္မကျင့်ပြီး အသတ်ခံခဲ့ရသည်မှာ ငါးနှစ်ကျော် ကြာလာပြီဖြစ်သော်လည်း ကျူးလွန်သူကို တရားစွဲဆို အရေးယူနိုင်ဖို့ဝေးစွ၊ ဖော်ထုတ်ဖမ်းဆီးနိုင်ခြင်းပင် မရှိသေးပါ။ သက်သေများကလည်း ထုတ်ပြောရန် ကြောက်ရွံ့နေကြပါသည်။

ထို့ကြောင့် ရခိုင်၊ ချင်း၊ ကချင်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းဒေသများရှိ လူနည်းစု တိုင်းရင်းသားများနှင့် ရိုဟင်ဂျာများအပေါ် ကျူးလွန်ခဲ့သော ရက်စက်မှုများအတွက် တာဝန်ခံမှု ရရှိရန် နိုင်ငံတကာအသိုင်းအဝိုင်း၏

ကြိုးပမ်းချက်များကို  အစိုးရသစ်အနေနှင့် ပူးပေါင်းဆောင်ရွက်ရန်အထူးအရေးကြီးပါသည်။ ရာဇဝတ်မှုများအတွက် တာဝန်ရှိသူဟု သံသယဖြစ်ခံရသူများအားလုံးကို သေဒဏ်ပေးအပ်ခြင်းမရှိစေပဲ သာမန်အရပ်ဖက် တရားရုံးများတွင် မျှတသော တရားစီရင်မှုများ ပြုလုပ်ရမည်ဖြစ်သည်။

**အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့အနေနှင့် နောက်တက်လာမည့်အစိုးရကိုတိုက်တွန်းလိုသော အချက်များ -**

- နိုင်ငံတကာရာဇဝတ်ခုံရုံး၏ရောမစာချုပ်ကို လိုက်နာရန် လိုအပ်သောဆောင်ရွက်ချက်များကို ဆောလျင်စွာချက်ခြင်းလုပ်ဆောင်ပြီး ပြည်တွင်းဥပဒေအဖြစ် ထည့်သွင်းအကောင်အထည်ဖော်ရန်
- စစ်ဘက်တရားစီရင်ရေးမှ တံခါးပိတ်တရားစီရင်မှုများကို ပိုမိုပွင့်လင်းမြင်သာစွာလုပ်ဆောင်ရန် စစ်တပ်ကို ဖိအားပေးတိုက်တွန်းရန်နှင့် ယင်းတရားစီရင်ရေးကို အရပ်ဖက်ကြီးကြပ်မှုအောက်သို့ ထားရှိရေးလုပ်ဆောင်ရန်
- ကုလသမဂ္ဂ၏လူ့အခွင့်အရေးယန္တရားများနှင့် အပြည့်အဝ ပူးပေါင်းဆောင်ရွက်ရန်၊ ကုလသမဂ္ဂ၏ လူ့အခွင့်အရေး ဆိုင်ရာအထူးကိုယ်စားလှယ်နှင့် မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ်ဆေးမှုလုပ်ငန်းစဉ်အဖွဲ့တို့ကို မြန်မာနိုင်ငံသို့လာရောက်ခွင့်ပြုပြီး ၎င်းတို့နိုင်ငံအနှံ့ သွားရောက်နိုင်ရေးဆောင်ရွက်ပေးရန်
- အမိန့်ပေးစေခိုင်းနိုင်သော တာဝန်ရှိသူများနှင့် အကြီးတန်းအရာရှိကြီးများအပါအဝင် နိုင်ငံတကာ ဥပဒေအရရာဇဝတ်မှုမြောက်သော ပြစ်မှုများနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများကို ကျူးလွန်ခဲ့သည်ဟု သံသယရှိခံရသူများကို စုံစမ်းစစ်ဆေး၍ တရားစွဲဆိုအရေးယူအပြစ်ပေးရန် နိုင်ငံတကာ၏ ကြိုးပမ်းမှုများနှင့် အပြည့်အဝ ပူးပေါင်းဆောင်ရွက်ရန်
- လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျူးလွန်သည်ဟု စွပ်စွဲခံရသော လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ပတ်သက်ပြီး ချက်ခြင်း၊ လွတ်လပ်သော၊ ဘက်လိုက်မှုကင်းသော၊ ထိရောက်သော စုံစမ်းစစ်ဆေးမှုများပြုလုပ်ရန်၊ အမိန့်ပေးစေခိုင်းနိုင်သော တာဝန်ရှိသူများအပါအဝင် တာဝန်ရှိသူဟု သံသယရှိခံရသူများကို လွတ်လပ်သော အရပ်ဖက်တရားရုံးများတွင် မျှတသော တရားစီရင်မှုပြုလုပ်ရန်နှင့် နစ်နာသူများအတွက် နစ်နာကြေးများ ရရှိနိုင်ဖို့ ဆောင်ရွက်ပေးရန်
- နိုင်ငံတကာဥပဒေအရ ရာဇဝတ်မှုမြောက်သော ပြစ်မှုများကို ချိုးဖောက်ခဲ့သည်၊ သို့မဟုတ်ချိုးဖောက်ရန် အမိန့်ပေးညွှန်ကြားခဲ့သည်ဟု သံသယရှိခံရသော စစ်တပ် နှင့် ရဲတပ်ဖွဲ့ဝင်များအား စုံစမ်းစစ်ဆေးမှုများ မပြီးဆုံးမီ အချိန်တွင် ရာထူးတာဝန်မှ ခေတ္တရပ်စဲထားရန်

## ၈။ တိုင်းရင်းသားလူနည်းစုများအပေါ် ပိုမိုလွန်ကျူးစွာ ထိခိုက်နိုင်သော ခွဲခြားသည့် ဥပဒေများကို ဖျက်သိမ်းရန်

မြန်မာနိုင်ငံမှ တိုင်းရင်းသားလူနည်းစုများသည် နေ့စဉ်ဘဝများတွင်ရော ပဋိပက္ခများဖြစ်ပွားနေသည့် အခြေအနေတွင်ပါ စနစ်တကျခွဲခြားဆက်ဆံမှုနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများကို ဆက်လက်ခံစားနေရပါသည်။

ယင်းသို့ခွဲခြားမှုများကို ဥပဒေပြဋ္ဌာန်းချက်များဖြင့်လည်း တရားဝင်အောင်ပြုလုပ်ထားသည်ကို အခြေအနေအတော်များများတွင် တွေ့ရသည်။ ယင်းဥပဒေများထဲတွင် ခွဲခြားသော ၁၉၈၂ နိုင်ငံသားဥပဒေ၊ ၂၀၁၈ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေကဲ့သို့သော မြေယာနှင့်သဘာဝအရင်းအမြစ်များနှင့် ဆက်စပ်နေသော ဥပဒေများ၊ တိုင်းရင်းသားမျိုးစုံ နေထိုင်ကြသည့် ဤနိုင်ငံတွင် ဗမာနှင့် ဗုဒ္ဓဘာသာဝင်တို့ကို အသာစီးပေးထားသော “အမျိုးဘာသာစောင့်ရှောက်ရေး” ဥပဒေဟု ခေါ်ကြသည့် ဥပဒေလေးခုတို့လည်း ပါဝင်သည်။

ပြည်ထောင်စုပါလီမန်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးပါလီမန်များတွင် လူနည်းစုတိုင်းရင်းသားများ၏ ကိုယ်စားပြုမှုပါဝင်နိုင်ရေးသည် လူနည်းစုများ၏အသံကို ပိုမိုဖော်ထုတ်ပေးရေးနှင့် ၎င်းတို့၏ အရေးကိစ္စ၊ စိုးရိမ်မှုများကို မူဝါဒအစီအစဉ်များထဲတွင် ထည့်သွင်းနိုင်ရေးတို့အတွက် အရေးကြီးသော ခြေလှမ်းတစ်ရပ်ဖြစ်သည်။ သို့ရာတွင် ၂၀၁၅ ခုနှစ်ရွေးကောက်ပွဲ မတိုင်မီက ရိုဟင်ဂျာများကို ခွဲခြားပြီး နိုင်ငံရေးတွင်ပါဝင်ခွင့်ကို ဖယ်ထုတ်လိုက်ခြင်းက ယင်းအုပ်စု၏ ကိုယ်စားပြုနိုင်ခွင့်အပေါ် ဆိုးဝါးသောသက်ရောက်မှုများ ဖြစ်စေပြီး ၎င်းတို့ခံစားနေရပြီးဖြစ်သော ဆိုးဝါးသည့် အခြေအနေများကို ပိုမိုပြင်းထန်သွားစေပါသည်။

ကချင်၊ ရှမ်းပြည်မြောက်ပိုင်း၊ ချင်း၊ ကရင်နှင့် ရခိုင်ပြည်နယ်များမှ တိုင်းရင်းသားလူနည်းစုများသည် ၎င်းတို့၏ တိုင်းရင်းသားဖြစ်မှုပေါ် အခြေခံ၍ အာဏာပိုင်များ၏ စိတ်ထင်သလို ဖမ်းဆီးချုပ်နှောင်ခြင်းများကို ခံကြရသည်။ လူရွယ်အမျိုးသားများနှင့် ယောက်ျားလေးများမှာ အများဆုံး ယင်းဒဏ်ကို ခံကြရသည်။ ၎င်းတို့အား လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့များ၏ အဖွဲ့ဝင်ဖြစ်သည်၊ ယင်းအဖွဲ့များကို အားပေး ကူညီ ထောက်ပံ့နေသည်ဟု မကြာခဏ စွပ်စွဲခံကြရသည်။

တိုင်းရင်းသားလူနည်းစုများအတွက် ပညာသင်ကြားခွင့်ရရေးမှာ တန်းတူညီမျှရေးအတွက် ကြီးစွာသော အတားအဆီးတစ်ခု ဖြစ်နေဆဲဖြစ်သည်။ ကျောင်းများ၏ သင်ရိုးတွင် အချို့တိုင်းရင်းသားများ၏ မိခင်ဘာသာစကားကို ထည့်သွင်းရေးအတွက် တိုးတက်မှုများရှိလာသည်မှာ ကြိုဆိုစရာ ခြေလှမ်းတစ်ရပ်ဖြစ်သည်။

ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခကြောင့် လူအများအုပ်စုလိုက် အချိန်ကာလကြာမြင့်စွာ နေရပ်စွန့်ခွာထွက်ပြေးနေရမှုများ ဖြစ်စေခဲ့သည်။ တိုက်ပွဲများ ဆယ်စုနှစ်ပေါင်းများစွာ ဖြစ်ပွားခဲ့သည့်နောက် ထိုင်း မြန်မာနယ်စပ်တွင် လူသောင်းချီပြီး ဒုက္ခသည်များအဖြစ် နေနေကြရဆဲဖြစ်သည်။ ၎င်းတို့၏ အခွင့်အရေးများလည်း အပြည့်အဝ ရရှိခြင်း မရှိပါ။ မြေမြုပ်မိုင်းများကို အစဉ်အဆက်ချထားခဲ့ကြပြီး ယခုအထိလည်း ဆက်လက်အသုံးပြုနေကြခြင်းကြောင့် အပစ်ရပ်ထားပြီးသားရော အပစ်မရပ်သေးသည့် တိုင်းရင်းသားဒေသများရှိ မြေများမှာ အန္တရာယ်မကင်းပဲ ရှိနေပါသေးသည်။

လူနည်းစုတိုင်းရင်းသားဒေသများတွင် ပြုလုပ်သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများမှာ အဓိက မကျေလည်ချက်တစ်ခု ဖြစ်နေပါသည်။ ဖွံ့ဖြိုးတိုးတက်မှု၊ အခြားဒေသများနှင့် ချိတ်ဆက်ဆက်နွှယ်မှုများမှ ပေးလာသော စီးပွားရေးအခွင့်အလမ်းများမှာ ဆင်းရဲနွမ်းပါးသောမြို့များ ရွာများအတွက် ကြိုဆိုစရာ ဖြစ်နိုင်သော်လည်း မကြာမကြာဆိုသလိုပင် ယင်း ဖွံ့ဖြိုးရေးလုပ်ငန်းများနောက်တွင် အဆင်မပြေမှုများလည်း ပါလာတတ်သည်။ အန်အယ်ဒီအစိုးရက လမ်းဖောက်ခြင်းကို နိုင်ငံတော်ဖွံ့ဖြိုးရေး၏ အဓိကခြေလှမ်းတစ်ခုဖြစ် မှတ်ယူလုပ်ဆောင်နေသော်လည်း ယင်းလမ်း ဖောက်လုပ်လာသည့်အတွက် ဒေသခံရွာသားအများအပြားမှာ စစ်ဆေးရေးဂိတ်များတွင် အစိုးရရော အစိုးရမဟုတ်သည့်အဖွဲ့များ၏ပါ ငွေကြေးကောက်ခံခြင်းကို ခံယူရနိုင်သော အချက်နှင့် လက်နက်ကိုင်ပဋိပက္ခများ ဖြစ်နေသောဒေသတွင် မူလရှိထားသော သယ်ယူပို့ဆောင်ရေး အတားအဆီးအခက်အခဲများကို ဖယ်ရှားလျှော့ချလိုက်နိုင်ခြင်းများကို ထည့်စဉ်းစားခြင်းမရှိခဲ့ပါ။

မြန်မာနိုင်ငံတွင် နောက်တက်လာမည့် အစိုးရသည် နိုင်ငံအတွင်းရှိ အရေးပေါ် လူ့အခွင့်အရေးအခြေအနေများကို ဖြေရှင်းဆောင်ရွက်ရမည်ဖြစ်သည်။ အနာဂတ်တွင် ရေရှည်ခိုင်မာပြီး ညီမျှသောငြိမ်းချမ်းရေး ရရှိနိုင်ရန်အတွက် လူနည်းစုတိုင်းရင်းသားများ၏ မကျေနပ်ချက်များကိုလည်း ဖြေရှင်းပေးရမည်ဖြစ်သည်။

**အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့အနေနှင့် နောက်တက်လာမည့်အစိုးရကို တိုက်တွန်းလိုသော အချက်များ -**

- နိုင်ငံသားဖြစ်မှုကို လူမျိုး၊ အသားအရောင်၊ မူလလူမျိုးစု၊ လိင်၊ ကျား မ၊ ဘာသာစကား၊ ကိုးကွယ်ယုံကြည်မှု၊ မည်သည့်လူမျိုးဖြစ်သည်ဆိုသောအချက်နှင့်အခြားသော အဆင့်အတန်းများအပေါ် မူတည်ခွဲခြားခြင်းမရှိပဲ ရရှိနိုင်ရန်အတွက် ၁၉၈၂ ခုနိုင်ငံသားဥပဒေကို ပြင်ဆင်ရန်
- ယခင်က အသိအမှတ်ပြုထားသော ကတ်ပြားများကိုင်ဆောင်ခဲ့သူများနှင့် ၎င်းတို့၏ သားသမီးများအား နိုင်ငံသားအခွင့်အရေးများ ပြန်လည်ရရှိစေရေး ချက်ချင်းလုပ်ဆောင်ပေးရန်နှင့် ၎င်းတို့အနေနှင့် နောက်ထပ် နိုင်ငံသားစိစစ်မှုလုပ်ငန်းစဉ်များ ခံယူရန် မလိုအပ်တော့အောင် စီစဉ်ရန်
- ရိုဟင်ဂျာများအပေါ် စိတ်ထင်သလိုခွဲခြားကန့်သတ်ခြင်းများ ပြုလုပ်ထားသော ဒေသန္တရအမိန့်နှင့် မူဝါဒများအားလုံးကို ရုပ်သိမ်းရန်၊ အထူးသဖြင့် ၎င်းတို့၏ လွတ်လပ်စွာသွားလာခွင့်ကို ကန့်သတ်ချက်ကို ပယ်ဖျက်ရန်နှင့် ရိုဟင်ဂျာများ ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာသင်ကြားခွင့်နှင့် သက်မွေးဝမ်းကျောင်းအခွင့်အလမ်းများကို ခွဲခြားခြင်းမရှိ ရရှိနိုင်စေရန်
- လူနည်းစု ကိုယ်စားလှယ်များနှင့် တိုင်ပင်ဆွေးနွေး၍ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲမှု ဥပဒေကို ပြင်ဆင်ရန်၊ လူ့အခွင့်အရေးပြဋ္ဌာန်းချက်များကို လိုက်နာပြီး နေထိုင်ခွင့်နှင့် လုံလောက်သောအိမ်ရာတို့ကို ခွဲခြားမှုမရှိ ရရှိနိုင်စေရန်နှင့် အဓမ္မနှင်ထုတ်ခြင်းများမှ အကာအကွယ်ပေးရန်
- ခွဲခြားဆက်ဆံခြင်း၊ ရန်လိုခြင်းနှင့် အကြမ်းဖက်ခြင်းများကို လှုံ့ဆော်မှုဖြစ်စေနိုင်သော လူမျိုးရေး၊ နိုင်ငံသားအရေး၊ ဘာသာရေးအခြေခံအမုန်းတရားများ ဖြန့်ဖြူးမှုမှန်သမျှကို လူသိထင်ရှား အငြင်းပွားစရာမရှိ ပြတ်ပြတ်သားသား ကန့်ကွက်ရှုတ်ချရန်၊ အမုန်းတရား ဖြန့်ဖြူးမှုများကို ထိထိရောက်ရောက်တားဆီးရန်နှင့် အမုန်းတရား ပစ်မှတ်ထား တိုက်ခိုက်ခံရသူများကို နိုင်ငံတကာလူ့အခွင့်အရေး ဥပဒေနှင့်အညီ အကာအကွယ်ပေးပြီး ကျေလည်အောင်ဆောင်ရွက်ပေးရန်
- နိုင်ငံရေးပါတီများနှင့် အစိုးရအဖွဲ့အတွင်း တိုင်းရင်းသားများနှင့် အခြားမတူကွဲပြားသူများ ပိုမိုပါဝင်လာနိုင်ရေး အတွက် လူရွေးချယ်ခြင်းအဆင့်များအပါအဝင် ဆောင်ရွက်ရန်
- စစ်ဘက်တရားစီရင်ရေးလုပ်ငန်းအားလုံးကို သာမန်အရပ်ဘက်တရားရုံးများဖြင့် အစားထိုးရန်၊ ယင်းသို့မလုပ်နိုင်မီ စစ်တရားရုံးများ၏ စီရင်မှုကို အရပ်ဖက် ကြီးကြပ်မှုအောက်တွင် ထားရှိနိုင်ရေးလုပ်ဆောင်ရန်
- မြန်မာစစ်တပ်က ကျူးလွန်သော ရာဇဝတ်မှုများတွင် ကျူးလွန်ခံရသူများအတွက် တရားမျှတမှုရရှိရေး ဆောင်ရွက်ပေးရန်နှင့် ယင်းသို့လုပ်ဆောင်ရာတွင် ၎င်းတို့၏ လုံခြုံရေးနှင့် ဂုဏ်သိက္ခာတို့ကို အထူးဦးစားပေးစဉ်းစားရန်
- နိုင်ငံတကာတရားမျှတမှု ဖော်ဆောင်ရေး ယန္တရားများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊ ပဋိပက္ခများဖြစ်ပွားနေသောတိုင်းရင်းသား ဒေသများသို့ စုံစမ်းစစ်ဆေးသူများနှင့် မီဒီယာများကို အဆီးအတားမရှိ သွားရောက်ခွင့်ပြုရန်

## ၉။ ကလေးသူငယ်များကို အကာအကွယ်ပေးပြီး ၎င်းတို့၏ အခွင့်အရေးများကို မြှင့်တင်ရန်

မြန်မာနိုင်ငံတွင်းရှိ လက်နက်ကိုင် ပဋိပက္ခများအတွင်းတွင် ကလေးသူငယ်များ၏ အခွင့်အရေးများမှာ ပုံမှန်လိုလို ချိုးဖောက်ခံနေရသည်။ ယင်းအချက်ကို ၂၀၂၀ ဖေဖော်ဝါရီလ ၁၃ ရက် ကလေးများနေ့က ဖြစ်ရပ်တစ်ခုက မီးမောင်းထိုးပြနေသည်။ ယင်းနေ့တွင် ဘူးသီးတောင်မြို့နယ် ခမွဲချောင်းရွာရှိ မူလတန်းလွန်ကျောင်းပေါ်သို့ မြန်မာစစ်တပ်မှ ပစ်လိုက်သည်ဆိုသော လက်နက်ကြီးကျည်တစ်လုံး ကျရောက်ပေါက်ကွဲသဖြင့် အနည်းဆုံး ကလေး ၁၇ ဦး ဒဏ်ရာများရသွားခဲ့သည်။

ရခိုင်တွင်ရော ရှမ်းပြည်မြောက်ပိုင်းတွင်ပါ စာသင်ကျောင်းအဆောက်အဦများကို စစ်သားများက သိမ်းပိုက်ကာ ယာယီစခန်းများဖွင့်တတ်ကြသည်။ ကျောင်းများကို စစ်ရေးလုပ်ငန်းများအတွက် အသုံးပြုခြင်းက ယင်းကျောင်းများကို စစ်ဖက်ပစ်မှတ်များ ဖြစ်သွားစေနိုင်ပြီး ကလေးသူငယ်များနှင့် အခြားအရပ်သားများ၏ အသက်နှင့် လုံခြုံရေးကို အန္တရာယ်ရှိစေနိုင်ပါသည်။

မြန်မာစစ်တပ်နှင့် ရခိုင်တပ်တို့အကြားဆက်လက်ဖြစ်ပွားနေသော တိုက်ပွဲများကြောင့် လူအမြောက်အများ နေရပ်စွန့်ခွာ ထွက်ပြေးနေရပြီး ရခိုင်နှင့် ချင်းလူမျိုးစုများမှ မရေမတွက်နိုင်သော ကလေးငယ်အများအပြားမှာ ပညာဆက်လက်သင်ကြားခွင့်များ ဆုံးရှုံးနေရပါသည်။ ကချင်ပြည်နယ်တွင် ၂၀၁၁ ခုနှစ်တွင် အပစ်အခတ်ရပ်စဲရေး ပျက်ပြားသွားချိန်မှစပြီး ပြန်လည်ဖြစ်ပွားလာသော ပဋိပက္ခများကြောင့် လူပေါင်း တစ်သိန်းကျော် နေရပ်စွန့်ခွာ ထွက်ပြေးခဲ့ကြရပြီး ယင်းတို့ထဲမှ တစ်ဝက်ခန့်မှာ ကလေးသူငယ်များဖြစ်ကြသည်။

နိုင်ငံတဝန်းတွင် ကလေးသူငယ် နှစ်သန်းကျော်မှာ ကျောင်းမနေနိုင်ပဲ ရှိကြသည်ဟု ခန့်မှန်းထားသည်။ မသန်စွမ်းကလေးငယ်များ အများဆုံးထိခိုက်ကြပြီး ခန့်မှန်းချက်အရ ၎င်းတို့အထဲမှ သုံးပုံနှစ်ပုံတို့မှာ ကျောင်းမနေနိုင်ကြပါ။ ယင်းအခြေအနေမှာ ပဋိပက္ခဖြစ်ရာဒေသများနှင့် နေရပ်စွန့်ခွာထွက်ပြေးနေကြရသူများ အကြားတွင် ပိုမိုထင်ရှားပါသည်။

၂၀၁၂ ခုနှစ်မှစတင်၍ သီးခြားခွဲကန့်သတ်မှုများနှင့် ခွဲခြားဆက်ဆံမှုများကြောင့် ရခိုင်ပြည်နယ်ရွာများရှိ ရိုဟင်ဂျာနှင့် ကမန်ကလေးငယ်အများအပြား အစိုးရပညာရေးကို မရရှိဘဲ စနစ်တကျလေ့ကျင့်ထားခြင်း မရှိသည့် လုပ်အားပေးဆရာများ သင်ကြားပေးသည့် ရပ်ရွာကျောင်းများကိုသာ အားကိုးကြရသည်။ အစိုးရက ချမှတ်ထားသည့် အသွားအလာကန့်သတ်မှုများကြောင့်လည်း ၂၀၁၂ ခုနှစ်မှစပြီး မွတ်ဆလင်များသည် စစ်တွေမြို့ရှိ ပြည်နယ်တက္ကသိုလ်တွင် အထက်တန်းပညာများ သင်ကြားခွင့်မရပဲရှိခဲ့သည်။

UNICEF ၏ အဆိုအရ မြန်မာနိုင်ငံ၏ ကလေးမွေးဖွားစဉ်သေဆုံးနှုန်း တစ်ထောင်လျှင် အယောက် ၅၀မှာ အာဆီယံဒေသအတွင်း အမြင့်ဆုံးထဲမှ တစ်ခုဟုဆိုသည်။ "ယင်းသေဆုံးမှုအများအပြားမှာ ကာကွယ်၍ရနိုင်ပြီး သေဆုံးမှုများထဲမှ တစ်ဝက်မှ မွေးဖွားပြီးစတွင်သေဆုံးကြသူများဖြစ်သည်" ဟုဆိုပါသည်။ အာဟာရချို့တဲ့ခြင်းနှင့် ကိုယ်ခန္ဓာကြံ့လှီခြင်းတို့မှာလည်း ကျယ်ကျယ်ပြန့်ပြန့်ဖြစ်နေပြီး အထူးသဖြင့် တိုက်ပွဲများရှိနေသော ဒေသများမှ အသိုင်းအဝိုင်းတွင်တွေ့ရတတ်ပါသည်။

၂၀၁၉ ခုနှစ်တွင် မြန်မာသည် ကလေးသူငယ်ကာကွယ်ရေးဥပဒေကိုပြဋ္ဌာန်းခဲ့ပြီး ၁၉၉၁ ခုနှစ်က လက်မှတ်ရေးထိုးခဲ့သည့် ကုလသမဂ္ဂကလေးသူငယ်အခွင့်အရေးဆိုင်ရာ သဘောတူညီချက်နှင့် လိုက်လျောညီထွေရှိလာမည့် ဥပဒေမူဘောင်တစ်ခုကို ချမှတ်ခဲ့သည်။ ဤဥပဒေက ကလေးသူငယ်ဟု သတ်မှတ်ချက်ကို အသက် ၁၈ နှစ်အောက်ဟူ၍ ပြောင်းလဲခဲ့ပြီး အလုပ်လုပ်နိုင်သော အနိမ့်ဆုံးအသက်ကို ၁၄ နှစ်၊ အိမ်ထောင်ပြုနိုင်သော အသက်ကို ၁၈ နှစ်ဟူ၍ သတ်မှတ်ခဲ့သည်။ ထို့အပြင် ဥပဒေက မွေးဖွားချိန်တွင် အသိအမှတ်ပြုစာရင်းသွင်းပေးရမည်ဟူသော အခြေခံအခွင့်အရေးကိုလည်း သဘောတရားအားဖြင့် အာမခံပေးခဲ့သည်။

သို့ရာတွင် ပဋိပက္ခများဖြစ်ပွားနေသောနေရာများနှင့် နေရပ်စွန့်ခွာထွက်ပြေးနေရသူများအတွက် ယခုအခွင့်အရေးမှာ အမြဲတမ်းရမနေပါ။ ၂၀၁၅-၁၆ လူဦးရေပုံနှံ့နေထိုင်မှုနှင့် ကျန်းမာရေးစစ်တမ်းအရ ရခိုင်ပြည်နယ်ရှိ ကလေးသူငယ်များမှာ မွေးဖွားချိန်တွင် စာရင်းအသွင်းခံရမှု ရနိုင်ချေ အနည်းဆုံးဖြစ်သည်ဟုဆိုသည်။ ယင်းအခြေအနေမှာ ရိုဟင်ဂျာများအတွက် အဆိုးဆုံးဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့၏ ၂၀၁၇ ခုနှစ်က ထုတ်ဝေခဲ့သော 'အမိုးမရှိတဲ့လှောင်အိမ်'အစီရင်ခံစာတွင်ဖော်ပြခဲ့သကဲ့သို့ ရိုဟင်ဂျာများ မွေးစာရင်းရရှိရန်နှင့် မွေးဖွားလာသော ကလေးများကို အိမ်ထောင်စုစာရင်းထဲသွင်းရန် လိုအပ်ချက်များမှာ တင်းကျပ်လှပြီး ကုန်ကျစရိတ်မှာလည်း မတတ်နိုင်လောက်အောင် ကြီးမားတတ်သည်။ ဥပမာ အားဖြင့် အသိအမှတ်ပြုထားသော လက်ထပ်စာချုပ်မတင်ပြနိုင်သော လင်မယားသည် ၎င်းတို့၏ မွေးလာသောကလေးကို မွေးစာရင်းသွင်း၍ မရသည်များဖြစ်တတ်ပါသည်။

ကလေးသူငယ်များအခွင့်အရေးဆိုင်ရာ ဥပဒေအရ ကလေးများအား အန္တရာယ်ရှိစေနိုင်သည့် အလုပ်များခိုင်းစေခြင်းကို တားမြစ်ထားသည်။ သို့ရာတွင် အလုပ်သမား၊ လူဝင်မှုနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက အန္တရာယ်ရှိနိုင်သည့် အလုပ်များစာရင်းကို အတည်ပြုထုတ်ပြန်ခြင်းမရှိသေးပါ။ အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ အိုင်အယ်အို၏ ခန့်မှန်းချက်အရ မြန်မာနိုင်ငံတွင်

အသက်မပြည့်သေးသော ကလေးသူငယ် တစ်သန်းခန့်မှာ အလုပ်လုပ်ကိုင်နေရပြီး အချို့နေရာများတွင် အန္တရာယ်ရှိသော အလုပ်များကို လုပ်နေကြရသည်။

၂၀၁၈ခုနှစ်တွင် သုံးနှစ်အရွယ်ကလေးငယ်တစ်ဦးကို အဓမ္မပြုကျင့်ခဲ့သည်ဟု စွပ်စွဲခံထားရသူတွင် အပြစ်မရှိဟု တရားရုံးတစ်ခုက ဆုံးဖြတ်ခဲ့ပြီးသည့်နောက် ကလေးငယ်၏ အမည်ကို ထုတ်ဖော်ပြောဆိုခဲ့သော ရဲအရာရှိကြီးများအပေါ် လူထုက အမျက်ဒေါသထွက်ခဲ့ကြသည်။ နိုင်ငံအဝန်း ဆန္ဒပြပွဲများ ပြုလုပ်ကြပြီး ကလေးငယ်လေးအားပေးထားသော အမည်ဝှက်ဖြင့် ဗစ်တိုးရီးယားအတွက်တရားမျှတမှုကို ဖော်ဆောင်ရေးဆိုသော အွန်လိုင်းမှ လူထု လှုပ်ရှားမှုတစ်ခုကို ပြုလုပ်ခဲ့ကြသည်။ ယင်းဖြစ်ရပ်သည် ကလေးသူငယ်များအားကာကွယ်ရေး ဥပဒေများနှင့် ကျားမဖြစ်မှုအပေါ် အခြေခံသောအကြမ်းဖက်မှုများ၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများနှင့် ဆိုင်သောဥပဒေများကို ပိုမိုတင်းကျပ်ရန်၊ ရဲများ၏ လွဲမှားစွာပြုမူဆောင်ရွက်မှုကို အရေးယူရန် နိုင်ငံရေးဆန္ဒများပို၍ တိုးပွားသွားစေခဲ့သည်။ ထို့အပြင် ယခုအမှုမှ ကလေးသူငယ်များအားအကာအကွယ်ပေးရန် ဆောင်ရွက်သင့်သည့်ကိစ္စများ၊ အိမ်တွင်းအကြမ်းဖက်မှု၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုနှင့် ကျားမ အခြေခံအပေါ်တွင် အကြမ်းဖက်မှုများတွင် ခံရသူကို ဗဟိုပြုစဉ်းစားသည့် ထိရောက်သည့်နည်းလမ်းများ လိုအပ်မှုတို့ကို မီးမောင်းထိုးပြခဲ့သည်။

**အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့အနေနှင့် နောက်တက်လာမည့်အစိုးရကိုတိုက်တွန်းလိုသော အချက်များ -**

- လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုနှင့် ကျားမ အခြေခံအပေါ်တွင် အကြမ်းဖက်မှုများ၊ ကလေးသူငယ်များအား အကြမ်းဖက်မှုနည်းလမ်းမျိုးစုံတို့တွင် ခံရသူကို ဗဟိုပြုစဉ်းစားသည့် ဥပဒေပေါ်ထွက်ရေးအတွက် ထိရောက်သော ချဉ်းကမ်းဆောင်ရွက်မှုများ ပြုလုပ်ရန်
- လူမျိုးရေးနှင့် ဘာသာရေးအရ လူနည်းစုများဖြစ်စေ မည်သူမဆို မွေးဖွားလာသော ကလေးငယ်အားလုံး မွေးစာရင်းမှတ်ပုံတင်ရှိရမည်ဆိုသော  အခြေခံ အခွင့်အရေးရရှိစေရန်
- ပဋိပက္ခဖြစ်ပွားရာဒေသများနှင့် နေရပ်ရင်းစွန့်ခွာနေရသည့်အနေအထားတွင် ရှိနေသော ကလေးများအပါအဝင် ကလေးတိုင်းအတွက် ပညာသင်ကြားခွင့် အခွင့်အရေးရရှိစေရန်နှင့် လိင်၊ ကိုးကွယ်ရာဘာသာ၊ လူမျိုးနှင့် မသန်စွမ်းဖြစ်မှု စသည်တို့အပေါ် အခြေခံသော မည်သည့် ခွဲခြားမှုမျိုးမျှ မရှိစေရန်
- ပဋိပက္ခဖြစ်ပွားရာဒေသများတွင် စာသင်ကျောင်းများကို စစ်ဖက်မှ ရယူသုံးစွဲနေမှုများ ရပ်တန့်ရန်
- ကလေးသူငယ် အခွင့်အရေးဆိုင်ရာ သဘောတူညီချက်နှင့် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးများဆိုင်ရာသဘောတူညီချက်တို့ပါ လိုက်နာလုပ်ဆောင်ရမည့် တာဝန်များကို လိုက်နာဆောင်ရွက်ရန်

## ၁၀။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာအခွင့်အရေးကို မြှင့်တင်ပြီး ရာသီဥတုပြောင်းလဲမှုကို လူ့အခွင့်အရေးကိစ္စအရပ်အဖြစ် သတ်မှတ်ဆောင်ရွက်ရန်

ရာသီဥတုပြောင်းလဲမှုနှင့် ၄င်းနှင့်ဆက်နွှယ်နေသော သဘာဝပတ်ဝန်းကျင်နှင့် လူ့အခွင့်အရေးအပေါ် ထိခိုက်မှုများမှာ မြန်မာနိုင်ငံအတွက် အရေးပေါ်ကိုင်တွယ်စရာ အခြေအနေများဖြစ်သည်။

သုတေသနလေ့လာချက်များအရ ရာသီဥတုပြောင်းလဲမှုသည် ရာသီဥတုနှင့်ဆက်နွှယ်နေသော သဘာဝဘေးအန္တရာယ်များ ပိုမိုပြင်းထန်စွာနှင့် အကြိမ်ပိုများများဖြစ်ပေါ်စေလာပြီး ပင်လယ်ရေမြင့်တက်လာခြင်း၊ မြေနှင့် သစ်တောပြုန်းတီးခြင်းနှင့် အပူချိန်မြင့်တက်လာခြင်းစသော ဖြစ်စဉ်များကို တဖြည်းဖြည်းချင်းတိုးပြီးဖြစ်ပွားလာစေသည်ကိုပြသနေသည်။ ယင်းဖြစ်စဉ်များမှာ လူအများနှင့် ၄င်းတို့နေထိုင်ရာ အသိုင်းအဝိုင်းကို ဆိုးဝါးစွာထိခိုက်စေသည်။ ဥပမာအားဖြင့် ၄င်းတို့၏ နေထိုင်ရာဒေသများမှ ထွက်ခွာပြီး လူ့အခွင့်အရေးကို ကြီးမားစွာ အန္တရာယ်ဖြစ်စေနိုင်သည့် နေထိုင်ရမှု အခြေအနေများသို့ တွန်းပို့ပေးတတ်သည်။

လာမည့်ဆယ်စုနှစ်များအတွင်း ရာသီဥတုပြောင်းလဲမှု၏ဒဏ်ကို အဆိုးဆုံးခံရနိုင်သည့် နိုင်ငံများတွင် မြန်မာလည်း ပါဝင်သည်ဟု ခန့်မှန်းတွက်ချက်မှုများရှိပါသည်။ ၂၀၂၀ ခုနှစ် ကမ္ဘာ့ရာသီဥတုဆိုင်ရာ အန္တရာယ်ညွှန်းကိန်းတွင် ၁၉၉၉ မှ ၂၀၁၈ ခုနှစ်အတွင်း အပြင်းထန်ဆုံးသော ရာသီဥတုဘေးအန္တရာယ်ကို ခံစားခဲ့ရသော သုံးနိုင်ငံတွင် မြန်မာက တစ်နိုင်ငံအဖြစ် ပါနေပါသည်။

မြန်မာသည် ၂၀၁၇ ခုနှစ်တွင် ပါရီသဘောတူညီချက်ကို လက်မှတ်ရေးထိုးအတည်ပြုခဲ့ပြီး ၂၀၁၉ ခုနှစ်တွင်အစိုးရက အမျိုးသားသဘာဝပတ်ဝန်းကျင်ဆိုင်ရာမူဝါဒနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာမူဝါဒကို ချမှတ်ခဲ့သည်။ ယင်းလုပ်ရပ်များမှာ ချီးကျူးစရာ ခြေလှမ်းများဖြစ်သည်။

သို့ရာတွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လူ့အခွင့်အရေးလှုပ်ရှားသူများကို အနှောက်အယှက်ပေးမှုများက သဘာဝပတ်ဝန်းကျင်အရေးကိစ္စများ ဆောင်ရွက်မှုရာတွင် တိုးတက်မှုကို ခြိမ်းခြောက်လာနိုင်မလားဟူသော စိုးရိမ်စရာလည်း ရှိနေပါသည်။ ရာသီဥတုပြောင်းလဲမှုအပါအဝင် သဘာဝပတ်ဝန်းကျင်အရေး စိုးရိမ်စရာအခြေအနေများကို အပြစ်ဒဏ်ပေးခြင်းခံရမည်ကို စိုးရိမ်စရာမလိုဘဲ တင်ပြနိုင်ရန်အထူးအရေးကြီးပါသည်။ တက်ကြွလှုပ်ရှားသူများနှင့် အရပ်ဘက်အဖွဲ့အစည်းများမှာ ၄င်းတို့၏ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် စုဝေးခွင့် အခွင့်အရေးများကို ကျင့်သုံးခွင့်ရရန်လည်း အရေးကြီးပါသည်။

၂၀၂၀ ခုနှစ်အစောပိုင်းတွင် ကရင်သဘာဝပတ်ဝန်းကျင်အရေးလှုပ်ရှားသူ စောသာဖိုး သည်၎င်းအား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၀၅ (ခ) ဆူပူအောင်လှုံ့ဆော်မှု ဖြင့် ဘားအံအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တရားစွဲဆိုထားကြောင်း တဆင့်နည်းလမ်းဖြင့်သိလာရသည်။ သူသည် ၂၀၂၀ ဇန်နဝါရီလ ၁၇ ရက်နေ့က ကျင်းပခဲ့သော ဆုတောင်းပွဲသို့ ကရင်ပြည်နယ်အတွင်းရှိ ဘီလပ်မြေစက်ရုံတစ်ရုံ အနီးတဝိုက်တွင်ရှိသော ရွာများမှ  ဒေသခံ ၁၀၀၀ ခန့်နှင့်အတူတက်ရောက်ခဲ့သည့် အမှုအတွက်ဟု ဆိုပါသည်။ စက်ရုံအနီးတဝိုက်ရှိ ရွာပေါင်း ၃၀ ခန့်မှ ဒေသခံများက စက်ရုံကြောင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုများရှိကြောင်း၊ အနီးတဝိုက်ရှိ ကန်များ၊ ချောင်းများနှင့် မြစ်များရှိ ရေများညစ်ညမ်းကုန်ကြောင်း ကန့်ကွက်ခဲ့ကြပါသည်။ လူထုအခြေပြုသဘာဝပတ်ဝန်းကျင်အရေးလှုပ်ရှားမှု ကွန်ရက်အတော်များများ၏အဖွဲ့ဝင်လည်းဖြစ် ဝန်ထမ်းတစ်ဦးလည်းဖြစ်သည့် စောသာဖိုးက စက်ရုံ၏ သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ ထိခိုက်မှုများကို ရွာသားများမှတ်တမ်းတင်ပြီး သိရှိနားလည်လာစေရန် ကူညီပေးနေခဲ့သူဖြစ်သည်။ ဤစွဲဆိုချက်များကြောင့် စောသာဖိုးမှာ နေအိမ်မှထွက်ပြေးတိမ်းရှောင်နေရပါသည်။

မြေအသုံးချမှုမှာလည်း အငြင်းပွားစရာကိစ္စတစ်ရပ်အဖြစ်ဆက်ရှိနေပြီး အထူးသဖြင့် လူနည်းစုတိုင်းရင်းသားဒေသများတွင် ပိုမိုဆိုးဝါးပါသည်။ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များအတွင်း မြေနေရာအသစ်များပါဝင်လာသည့် အကျိုးဆက်အားဖြင့် မြေများမှာ အခြေခံအဆောက်အဦဆောက်လုပ်ရေး စီမံကိန်းများအတွက် ယခင်ကလည်း သိမ်းယူခံခဲ့ရပြီးယခုလည်းဆက်လက်အသိမ်းယူခံနေရဆဲဖြစ်သည်။ ယင်းစီမံကိန်းများမှာ သဘာဝပတ်ဝန်းကျင်နှင့် လူ့အခွင့်အရေးဆိုင်ရာထိခိုက်မှုများကို ပြည့်စုံလုံလောက်စွာ ဆန်းစစ်ချက်များမပြုလုပ်ပဲ အကောင်အထည်ဖော်လေ့ရှိပါသည်။ အကျင့်ပျက်လာဘ်စားမှုများရှိခြင်း၊ ပွင့်လင်းမြင်သာမှုမရှိခြင်းနှင့် စစ်တပ်နှင့် ၎င်း၏ စီးပွားရေးလုပ်ငန်းခွဲများက လုပ်ငန်းကန်ထရိုက်များကို ထိန်းချုပ် ထားသဖြင့် ယင်း အခြေခံအဆောက်အဦစီမံကိန်းများမှာ လူနည်းစုအသိုင်းအဝိုင်းထံသို့ အကျိုးကျေးဇူးများ အနည်းအပါးသာ ရရှိစေတတ်ပါသည်။

၂၀၁၈ ခုနှစ် မြေလွတ် မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှုဥပဒေကို ၂၀၁၉ ခုနှစ်တွင် စတင်ကျင့်သုံးခဲ့သော်လည်း ဥပဒေမှာ အားနည်းချက်အများအပြားရှိနေပါသည်။ ဥပဒေက မြေယာပေါ်တွင် နေထိုင်ခွင့်ကို အသိအမှတ်ပြုမထားပဲ မြေယာအသိမ်းဆည်းခံရခြင်း၊ မြေယာပေါ်မှ နှင်ထုတ်ခံရခြင်းများနှင့် ရင်ဆိုင်ရစေနိုင်ရန် လမ်းဖွင့်ပေးထားပါသည်။ ယင်းအတွက်ကြောင့် လူနည်းစုတိုင်းရင်းသားများအတွက် စိုးရိမ်စရာရှိနေပြီး ပဋိပက္ခဖြစ်ပွားရာ ဒေသတွင်နေထိုင်ရသူများ နှင့် နေရပ်ရင်း စွန့်ခွာထွက်ပြေးနေရသူများအတွက် နှစ်ဆပို၍ပင် စိုးရိမ်စရာဖြစ်နေပါသည်။ ဥပဒေအရ မြေယာပေါ်တွင် နေထိုင်သူများသည် နှစ် ၃၀ မြေယာအသုံးပြုခွင့်ကို လျှောက်ထားရမည်ဖြစ်ပြီး ပျက်ကွက်ပါက မြေယာပေါ်မှ နှင်ထုတ်ခံရခြင်း နှစ်နှစ်အထိ ထောင်ဒဏ်ချမှတ်ခံရခြင်းများ ခံရနိုင်ပါသည်။ ရခိုင်ပြည်နယ်အခြေအနေကိုကြည့်လျှင် ယခင်က

လူနေထိုင်ခဲ့ဖူးသော မြေများတစ်ခုလုံးကို မီးရှို့ရှင်းလင်းလိုက်သည့်အတွက် နိုင်ငံတော်မှ ယင်းမြေများကို သိမ်းဆည်းရယူလိုက်ရန် ဥပဒေက ခွင့်ပြုထားသည့် သဘောရှိနေပါသည်။

လူ့အခွင့်အရေးများကို အကာအကွယ်ပေးခြင်းမှာ ကောင်းမွန်သော သဘာဝပတ်ဝန်းကျင်ရှိမှုနှင့် ခွဲခြား မရအောင် ဆက်စပ်နေသဖြင့် အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က နောက်တက်လာမည့်အစိုးရအား သဘာဝပတ်ဝန်းကျင်ကို စဉ်ဆက်မပြတ်ထိန်းသိမ်းရေးနှင့် လူ့ဂုဏ်သိက္ခာကို စောင့်ရှောက်ရေးတို့နှစ်မျိုးစလုံး အကောင်အထည်ဖော်နိုင်မည့် လမ်းကြောင်းတစ်ခုချမှတ်ပါရန် တိုက်တွန်းပါသည်။

## အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့အနေနှင့် နောက်တက်လာမည့်အစိုးရကို တိုက်တွန်းလိုသော အချက်များ -

- ရိုးရာဗဟုသုတများ၊ ဌာနေလူထု၏ မြေယာစီမံခန့်ခွဲမှု ဓလေ့ထုံးစံများကို လေ့လာပြီး ညီမျှသော၊ စဉ်ဆက်မပြတ်ထိန်းသိမ်းနိုင်သော ဖွံ့ဖြိုးမှုကို မြှင့်တင်ရန်
- မြေယာပေါ်တွင်နေထိုင်ခွင့်ကို အသိအမှတ်ပြုနိုင်ရန် သက်ဆိုင်သောသူများနှင့် စစ်မှန်သော ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်ပြီး မြေလွတ် မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲခြင်းဥပဒေကို ပြင်ဆင်ရန်
- သဘာဝပတ်ဝန်းကျင် လူ့အခွင့်အရေးကာကွယ်သူများအား ဟန့်တားနှောက်ယှက်နေမှုကို ရပ်ဆိုင်းပြီး တက်ကြွလှုပ်ရှားသူများ၊ လူ့အခွင့်အရေးကာကွယ်သူများနှင့် မီဒီယာများကို အရေးယူရန် သုံးစွဲလေ့ရှိသော ဆက်သွယ်ရေး ဥပဒေ ပုဒ်မ ၆၆ (ဃ)၊ ရာဇဝတ်ကျင့်ထုံးဥပဒေ ၅၀၅ (က) နှင့် ၅၀၅ (ခ) အပါအဝင် ဥပဒေများကို ပယ်ဖျက် ပြင်ဆင်ဖို့ တွန်းအားပေး လုပ်ဆောင်ရန်
- အတင်းအဓမ္မမြေယာမှနှင်ထုတ်ခြင်းခံရသူများအား တရားစွဲဆိုအရေးယူခြင်းကို ရပ်ဆိုင်းပြီး နစ်နာမှုအတွက် ဖြေရှင်းပေးရန်
- အခြေခံအဆောက်အဦနှင့် ဖွံ့ဖြိုးရေးစီမံကိန်းများ၊ မြေယာအသုံးပြုမှုနှင့် မြေယာများ ရယူရေးလုပ်ငန်း လမ်းကြောင်းများအား ပွင့်လင်းမြင်သာစွာလုပ်ဆောင်ရန်နှင့် ယင်းစီမံကိန်းများနှင့် ပတ်သက်သော အချက်အလက်များကို ရရှိနိုင်ရေး တွန်းအားပေးတောင်းဆိုရန်
- အခြေခံအဆောက်အဦနှင့် ဖွံ့ဖြိုးရေးစီမံကိန်းကြီးများကို လုပ်ဆောင်ရာတွင် သဘာဝပတ်ဝန်းကျင်နှင့် လူ့အခွင့်အရေးအပေါ်ထိခိုက်မှုများကို ဆန်းစစ်လေ့လာချက် အသေအချာပြုလုပ်ပြီးမှ လုပ်ဆောင်ရန်၊ ပွင့်လင်းမြင်သာမှု အပြည့်အဝရှိရန်နှင့် စီမံကိန်းကြောင့် ထိခိုက်မည့်သူအားလုံးသည် အဆုံးအဖြတ်ပြုရာတွင် စစ်မှန်စွာပါဝင်နိုင်စေရန်၊ အခြေအနေကို နားလည်သိရှိပြီး ၎င်းတို့၏ လွတ်လပ်သော ဆန္ဒဖြင့် သဘောတူညီမှုကို ကြိုတင်ရယူရန်

- ရာသီဥတုပြောင်းလဲခြင်း အကျိုးဆက်များကို လျှော့ချရေးဆောင်ရွက်ချက်များအပါအဝင် အစိုးရက ဦးစီးလုပ်ဆောင်သော လုပ်ငန်းများ၊ စီမံကိန်းများသည် အားလုံးပါဝင်ခွင့်ရှိစေပြီး၊  တိုင်းရင်းသားနှင့် ဘာသာရေးလူနည်းစု လူမျိုးစုများအား ခွဲခြားခြင်း၊ ၎င်းတို့၏ အခွင့်အရေးများကို ချိုးဖောက်ခြင်းများမရှိစေအောင် ဆောင်ရွက်ရန်

## ၁၁။ သေဒဏ် စီရင်ချက်ကို ပယ်ဖျက်ရန်

မည်သည့်ရာဇဝတ်မှုကိုမဆို သေဒဏ်ပေးခြင်းကို အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က ခြွင်းချက်မရှိ ဆန့်ကျင်ပြီး ကမ္ဘာတဝန်းလုံးတွင် သေဒဏ်ကို ဖျက်သိမ်းရန် တောင်းဆိုထားသည်။ သေဒဏ်အပြစ်ပေးမှုသည် လူ့အခွင့်အရေးချိုးဖောက်ခြင်းနှင့် အဆိုးစွန်ရက်စက်ကြမ်းကြုတ်သော၊ လူမဆန်သော၊ လူ့ဂုဏ်သိက္ခာကို နိမ့်ပါးစေသော ပြစ်ဒဏ်အဖြစ် အဖွဲ့က ခံယူပါသည်။

၂၀၁၉ ခုနှစ်အကုန်တွင် နိုင်ငံပေါင်း ၁၀၆ နိုင်ငံက ရာဇဝတ်မှုအားလုံးတွင် သေဒဏ်ပေးခြင်းကို လုံးဝဖျက်သိမ်း လိုက်ပါသည်။ နောက်ထပ် ၁၄၂ နိုင်ငံကလည်း သေဒဏ်ကို  ဥပဒေထဲတွင် သို့မဟုတ် လက်တွေ့တွင် ချမှတ်ခြင်းအား ဖျက်သိမ်းခဲ့သည်။ မြန်မာနိုင်ငံသည် ၁၉၈၀ ပြည့်လွန်နှစ်များနှောင်းပိုင်းမှစပြီး ဥပဒေအရ သေဒဏ်စီရင်ခြင်းကို ပြုလုပ်ခဲ့ခြင်း မရှိသည့်အတွက်  လက်တွေ့အားဖြင့် သေဒဏ်ကို ပယ်ဖျက်ထားသည့် နိုင်ငံဟု ကျယ်ကျယ်ပြန့်ပြန့် ယူဆထားမှုရှိသော်လည်း လက်ရှိဥပဒေရေးရာမူဘောင်အရ သေဒဏ်ချမှတ်ခြင်းကို ခွင့်ပြုထားဆဲဖြစ်ပြီး သေဒဏ်ပြစ်ဒဏ်ကို ပုံမှန်အတိုင်း ဆက်လက်ချမှတ်နေဆဲဖြစ်သည်။ တစ်စိတ်တစ်ပိုင်းအားဖြင့် ယင်းမှာ ပြစ်မှုဆိုင်ရာဥပဒေတွင် ပြဋ္ဌာန်းထားသော မဖြစ်မနေ ချမှတ်ရမည့် ပြစ်ဒဏ်များကြောင့်ဖြစ်သည်။

ယခုအချိန်တွင် ပြစ်မှုထင်ရှားစီရင်ခံသူများသည် တရားရုံးစနစ်ဖြင့် အယူခံဝင်နိုင်သည်။ နောက်ဆုံးအဆင့်အနေနှင့် အသနားခံနိုင်သည်။ (၂၀၁၁-၂၀၁၆) ဦးသိန်းစိန် အစိုးရ လက်ထက်တွင် သေဒဏ်စီရင်ချက်များကို ထောင်ဒဏ်တစ်သက်အဖြစ် လျှော့ချ သတ်မှတ်ခဲ့သည်။ ၂၀၂၀ အစောပိုင်းတွင် နှစ်သစ်ကူးသမ္မတ၏လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် သေဒဏ်ချမှတ်ခံထားရသူများကို ထောင်ဒဏ်တစ်သက်အထိ လျှော့ချခဲ့သည်။ ဒေသတွင်းမီဒီယာများမှ ဖော်ပြချက်အရ အစိုးရထိန်းချုပ်မှုပြင်ပဒေသများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများရှိ အစိုးရမဟုတ်သည့် တရားရုံးများနှင့် ခုံရုံးများတွင်လည်း သေဒဏ်ကို ချမှတ်ကြသည်။

၂၀၁၇ ခုနှစ်တွင် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်နှင့် အစိုးရဝန်ကြီးဌာနများ၊ ကာကွယ်ရေးဌာနများ၊ တရားစီရင်ရေးစနစ်နှင့် အရပ်ဘက်လူ့အဖွဲ့အစည်းများမှ ကိုယ်စားလှယ် ၃၃ ဦး တို့သည် သေဒဏ်ချမှတ်ခြင်းကို ဆိုင်းငံ့ထားရန် လုပ်ဆောင်ခဲ့သည်။ သို့သော် ဆိုင်းငံ့ထားရန်ကြိုးပမ်းမှု လုပ်ငန်းများ၏ အရှိန်အဟုန်မှာ ရပ်တန့်နေခဲ့သည်။

သေဒဏ်ကိုဖျက်သိမ်းခြင်းအားဖြင့် မြန်မာနိုင်ငံသည် ၎င်း၏ကိုယ်ပိုင်ရာဇဝတ်မှုတရားစီရင်ရေးစနစ်၏ သမာဓိရှိမှုနှင့် ယုံကြည်ကိုးစားနိုင်မှုကို မြှင့်တင်ခြင်း၊ အာရှပစိဖိတ်ဒေသတွင် သေဒဏ်ပြစ်ဒဏ်ချမှတ်မှုကို အဆုံးသတ်စေမည့် လမ်းကြောင်းကို ကူညီဖော်ဆောင်ခြင်းနှင့် ပို၍ အရေးကြီးသော လူ့အသက်၏အဖိုးတန်မှုနှင့် လူသား၏ ဂုဏ်သိက္ခာကို လေးစားကြောင်း နိုင်ငံ၏ ကတိကဝတ်ထားမှုကို ပြသနိုင်မည်ဖြစ်သည်။

**အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့အနေနှင့် နောက်တက်လာမည့်အစိုးရကို တိုက်တွန်းလိုသော အချက်များ -**

- သေဒဏ်ပြစ်ဒဏ် အားလုံးကို ထောင်ဒဏ်များအပြောင်း ပြောင်းလဲသတ်မှတ်ရန်
- ရာဇဝတ်မှုများ အားလုံးအတွက် သေဒဏ်ကိုပယ်ဖျက်ရန်အတွက် သေဒဏ်စီရင်မှုများ အားလုံးကို ချက်ချင်း တရားဝင် ရပ်ဆိုင်းထားရန်
- တည်ဆဲ ရာဇဝတ်မှုဥပဒေများအား ပြုပြင်ပြောင်းလဲရေးတွင် သေဒဏ်ဖျက်သိမ်းရေးကို ဦးတည်သည့် ချဉ်းကပ်မှုဖြင့် လုပ်ဆောင်ရန်
- သေဒဏ်ကိုဖျက်သိမ်းရန်ရည်ရွယ်ချက်ဖြင့် ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်၏ ဒုတိယမြောက် စိတ်ကြိုက်စည်းမျဉ်းကို အတည်ပြုရန်
- ပြစ်မှုအားလုံးအတွက် သေဒဏ်ကိုဖျက်သိမ်းပါ